# မြဝတီ နေ့စဉ်

ရောင်စုံကလွှာစုံလင် ဦးစွာဖြန့်ချို မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသော တရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၂၁)

■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ကြာသပတေးနေ့


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H. E. Mr. Saleumxay Kommasith အား ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအိုပြည်သူ့တပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်အဖြစ် အောက်တိုဘာလ ၅ ရက်မှစ၍ တာဝန်တိုးမြှင့်

စာမျက်နှာ ၅ ကော်လံ ၁ ★



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H. E. Mr. Saleumxay Kommasith အား ဂါရဝပြုတွေ့ဆုံစဉ်။


**ပြည်ထောင်စုဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်** စာ - ၁၄ သို့

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပ** စာ - ၇ သို့

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး** စာ - ၆ သို့


# နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် အကြိမ်(၁၅၀)မြောက်နှင့် အတွဲ(၃၀၀)ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့



နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် အကြိမ်(၁၅၀)မြောက်နှင့် အတွဲ(၃၀၀)ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသနေမှုကိုတွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များ၊ ပြည်သူများ၏ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လိုအပ်သောနေရာများတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်း

စာမျက်နှာ ၁၆ ကော်လံ ၄ ➡

## ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ ထပ်မံတိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသော မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကိုထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်

စာမျက်နှာ ၁၄ ကော်လံ ၁ ➤

## ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၄ ကော်လံ ၃ ❖

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်

# ကြီးမြတ်သည့် ရိုးရာတန်ဖိုးများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နေထိုင်ကြသူတိုင်းမှာ မိမိနိုင်ငံကိုချစ်မြတ်နိုးတန်ဖိုးထားစိတ်ရှိကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ကောင်းကျိုးကိုသယ်ပိုးလိုစိတ်၊ နိုင်ငံတော်အပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်ကိုကာကွယ်လိုစိတ်တို့ဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် မှန်ကန်သည့်စိတ်ထားရှိကြရမည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်မောင်မယ် ကျောင်းသား၊ ကျောင်းသူတိုင်းအား မိမိနိုင်ငံ၏ သမိုင်းကြောင်းဖြစ်ရပ်မှန်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို လက်တွေ့သိမြင်စေခြင်းငှာ လေ့လာရေးခရီးစဉ်များကို စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်။ နေပြည်တော်ရှိတပ်မတော်စစ်သမိုင်းပြတိုက်သို့ အစိုးရကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာခြင်း၊ ရန်ကုန်မြို့ရှိ အထက်တန်းကျောင်း ၁၅ ကျောင်းအနေဖြင့် စက်တင်ဘာလ ၁၉ ရက်မှ နိုဝင်ဘာလ ၈ ရက်အထိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့လေ့လာစေခြင်း၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာသမိုင်းဝင်အမွေအနှစ်များလေ့လာစေခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။ ဤသည်မှာ နိုင်ငံ့အနာဂတ်ကိုပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကို လက်တွေ့ကျကျမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၈ ရက်ကကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“ကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ယဉ်ကျေးမှုပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများဆောင်ရွက်ပေးသွားရန်လိုပြီး တတ်နိုင်ပါက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပြတိုက်များသို့ပို့ဆောင်ပြသခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်များသို့ လူငယ်လူရွယ်များ လာရောက်လည်ပတ်လေ့လာကြခြင်းဖြင့် မိမိတို့နိုင်ငံနှင့်လူမျိုးတို့၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့်ရိုးရာတန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ်ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

လူသားအရင်းအမြစ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူဦးရေရာခိုင်နှုန်းနှင့် မူလတန်းပညာအဆင့်၌သာရှိသူ၊ လုံးဝပညာမသင်ဖူးသူဦးရေရာခိုင်နှုန်းမှာ ကွာခြားချက်များကြီးမားလျက်ရှိသည်။ ထိုသို့သော ကွာခြားချက်ကြီးမားမှုကိုလျှော့ချနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကိုချမှတ်ထားပြီး ပညာတတ်လူစွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်နိုင်ရေး၊ လူနေမှုအဆင့်အတန်းကွာဟမှုကိုလျှော့ချနိုင်ရေး ပညာရေးကို အလေးထားပြုပြင်တည်ဆောက်ပေးသွားကြရမည်ဖြစ်သည်။

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့်ချိတ်ဆက်နေပြီး လူတစ်ဦးချင်းစီ၏ဘဝကိုသာမက မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံး၏ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်သည့် စွမ်းအားများရှိထားသည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း စိတ်ဓာတ်ကောင်းသောလူငယ်များ၊ စည်းကမ်းကောင်းသောလူငယ်များ၊ ပညာတတ်သောလူငယ်များဖြစ်အောင် သင်ကြားပေးခြင်းနှင့်အတူ မိဘဘိုးဘွားထားရှိသော **ကြီးမြတ်သည့် ရိုးရာတန်ဖိုးများ**ကို ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။ ။

# ကျောက်ဆည်မြို့နယ်၌ ယခုနှစ် မိုးရာသီ ဆီထွက်သီးနှံမျိုးစုံ ၃၀၆၁ ဧက စိုက်ပျိုးပြီးစီး

**ကျောက်ဆည် နိုဝင်ဘာ ၄**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသအတွင်း စားသုံးဆီဖူလုံပိုလျှံရေး ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံမျိုးစုံ ၃၀၆၁ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၌ မြေပဲ ၁၂၉ ဧက၊ နှမ်း၈က ၁၂၄၀၊ နေကြာ ၁၆၉၂ ဧက စုစုပေါင်း ၃၀၆၁ ဧက စိုက်ပျိုးထားသည်။

ဒေသခံတောင်သူများအနေဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရေး ကျောက်ဆည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသည့်မျိုးများ ဖြန့်ဝေပေးလျက်ရှိပြီး စိုက်နည်းစနစ်များလည်းကူညီပေးလျက်ရှိကြောင်းသိရသည်။**သက်မောင်(ကျောက်ဆည်)**

## အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

**အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ**

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်**

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ဆွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၅-၁၁-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၀၈:၀၀ For Youth
၃။ ၁၃:၃၀ Live For You
၄။ ၁၇:၀၀ Business Tips
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဏ်လွှာ

**MWD Education, Knowledge & Sport Channel**

၅-၁၁-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၇:၀၀ - ၀၈:၃၅ Grade-9 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ - ၁၆:၄၀ Grade-9 အင်္ဂလိပ်စာ၊ သချာ်(၁)၊ သချာ်(၂)
၃။ ၁၆:၄၀ - ၁၉:၄၀ Grade-9 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ


**နေပြည်တော်**

**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဇွဲသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**

**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**

**တာဝန်ခံ** ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**

**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စာတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး (မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး (အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း (ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း
**စာတည်းအဖွဲ့ (မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
**စာတည်းအဖွဲ့ (အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့ (နေပြည်တော်)** - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့ (ရန်ကုန်)** - ဦးရဲစိုးအောင်

Online Newspaper

# မြန်မာ့လယ်ယာကဏ္ဍအပေါ် အယ်လ်နီညိုသက်ရောက်နိုင်မှုအတွက် ကြိုတင်ပြင်ဆင်




**နေပြည်တော် နိုဝင်ဘာ ၄**

အစွန်းရောက်ရာသီဥတုဖြစ်စဉ် အယ်လ်နီညို၏ သက်ရောက်မှုကြောင့် မြန်မာ့လယ်ယာကဏ္ဍအပေါ် ထိခိုက်မှုများကြုံတွေ့ရပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုသက်သာစေရေးအတွက် အကြိုလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ရန်နှင့် ဒေသအလိုက် ကြုံတွေ့လာနိုင်သည့် အခြေအနေအရပ်ရပ်အပေါ် ထိရောက်လျင်မြန်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် စားရေရိက္ခာထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများတွင် ထိခိုက်မှုလျော့ပါးသက်သာရေးအတွက် မိမိတို့ဝန်ကြီးဌာနက အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအစိုးရအဖွဲ့များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မျိုးနှင့် ရေလုံလောက်စေရေး အပါအဝင် လိုအပ်ချက်များ ဖြစ်ပေါ်လာပါက အချိန်မီစီမံဆောင်ရွက်ပေးနိုင်ရေး အတွက် ယခင်အတွေ့အကြုံများ အပေါ်အခြေခံကာ အဆိုးဆုံး အခြေအနေအထိ မျှော်မှန်းပြီး ကြိုတင်စီမံဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဌာနအလိုက် မြေပြင်အမှန်ရှိပြီး အရင်းအမြစ်များ၊ စွမ်းဆောင်ပေးနိုင်မှုအခြေအနေနှင့် ထပ်မံလိုအပ်လာနိုင်မှုများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး ကြိုတင်စီမံထားရမည်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည့် အချက်တစ်ခုဖြစ်သော စိုက်ပျိုးရေးနှင့် သောက်သုံးရေကို ဒေသအလိုက် ဖူလုံရေး၊ အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရေးအတွက် မြေပြင်လုပ်ငန်းဆောင်ရွက်သူများထံသို့ အမိန့်ညွှန်ကြားချက်များ ရောက်ရှိစေရေး စီမံဆောင်ရွက်သွားရန် လိုကြောင်း၊ အယ်လ်နီညိုကာလအတွင်း လိုက်နာရမည့်အချက်များကို မိမိတို့ဝန်ထမ်းများအပါအဝင် အားလုံးသိရှိလိုက်နာရေးအတွက် အယ်လ်နီညိုဆိုင်ရာ သတိပေးထုတ်ပြန်ချက်များအား မိဒီယာအမျိုးမျိုးကိုအသုံးပြု၍ တောင်သူများ ဖတ်ရှုသတိပြုနိုင်ရေး စနစ်တကျဖြန့်ဝေပေးရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက သက်ဆိုင်ရာဌာနများအလိုက် အယ်လ်နီညိုသက်ရောက်မှုကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ထိခိုက်မှုသက်သာစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ ဒုတိယဝန်ကြီးများက သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာချိန်တွင် အချိန်မီထိရောက်စွာ စီမံဆောင်ရွက်ပေးနိုင်ရေး လုပ်ငန်းကဏ္ဍအလိုက် အလေးထားလုပ်ဆောင်ကြရန် ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ကလေးငယ်များ ဝက်သက် - ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားကျင်းပ



**မော်လမြိုင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အသက် (၉) လမှ (၅၉) လအရွယ် ကလေးငယ်များ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု (၉၅) ရာခိုင်နှုန်းနှင့် အထက် ရောက်ရှိစေရန်အတွက် ကျန်းမာရေးဝန်ထမ်းများကကြိုးစားဆောင်ရွက်ပေးကြရန်နှင့် ကျန်ရှိသည့်မြို့နယ်များတွင်လည်း ဝက်သက်-ဂျိုက်သိုးရောဂါ ကင်းဝေးရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ဝက်သက်-ဂျိုက်သိုးရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး "ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးကြစို့" အထိမ်းအမှတ်တေးသီချင်းကိုပြသကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များနှင့် ဒေသထွက်ကုန်များကို မြှင့်တင်ပေးနိုင်ရေးအတွက် လာမည့် တန်ဆောင်မုန်းလပြည့်နေ့တွင် မော်လမြိုင်မြို့၌ MSME စျေးရောင်းပွဲတော်များကို အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ပွဲတော်ကျင်းပမည့် အစီအစဉ်များ၊ ဆိုင်ခန်းများ ခင်းကျင်းပြသနိုင်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားရှိမည့် အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အသိပညာပေး (၄) မိနစ်စာ Animation Video ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် **မသန်စွမ်းသူများအပေါ် လျှောင်ပြောင်သရော်မှုပျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့်(Right Based) အမြင်ပုံနှိုးစေရေး အသိပညာပေး Animation Video ပြိုင်ပွဲ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် Animation Video ကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲအကြောင်းအရာကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာဖော်ပြရမည်။

(ဂ) (၄) မိနစ်စာ (Animation Video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness//movie-clip?Page=1 website ရှိ အသိပညာပေး movie များကိုနမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File Format သည် mp4/ wmv/ avi ၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့် သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ထုထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့်မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့်နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သောစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၄၆၀၄၊ အီးမေးလ်ပို့စ်စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၁၃.၁၁.၂၀၂၆ ရက်နေ့၊ ညနေ(၁၆:၀၀)နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေး လုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Animation Video ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

# စစ်သူကြီး မဟာမင်းထင်နော်ရထာ

*ကြည်မင်းဝေ*

**ယမန်နေ့မှအဆက်**

အထက်ကောင်းတုံအရပ်၌ ထကြွနေကြသည့် ကချင်သူပုန်များမှာ ထူထပ်သောသစ်တော၊ ကျောက်တောင်များကို အခြေပြုလျက် မြေပြင်ဆူးငြောင့် လေးမြားအတတ်၌ ကျွမ်းကျင်ကြသည်ဖြစ်ရာ မြင်းရေးအတတ်နှင့် လောက်လွှဲလေးမြားအတတ်တို့တွင် တစ်ဖက်ကမ်းခပ်ကျွမ်းကျင်ပြီး စစ်ရေးဗျူဟာ စနစ်ကျသည့် စံနက်ကျော်ကို ယောက်ဖတော်မိုင်းကိုင် စော်ဘွားကမ္ဘောဇအဘယရာဇာ ဗိုလ်စိုင်းနော်၊တိုက်ရေးခိုက်ရေးများတွင် သတ္တိအရာထူးချွန်သည့် ပင်လယ်မြို့စားမဟာမင်းထင်ရာဇာဦးဖြိုး၊ နယ်မြေကျွမ်းကျင်သူ ဗန်းမော်မြို့စားမင်းလှမင်းခေါင် ခွန်သီဟတို့နှင့် တပ်တည်ဖွဲ့စည်းကာ စံနက်ကျော်စိတ်ကြိုက်လက်ရွေးစင်တစ်ရာကို ရွေးချယ်စေပြီး တိုက်ခိုက်နှိမ်နင်းစေရာ လေးလအကြာ၌ ကချင်သူပုန်အမြောက်အမြားသေဆုံးပြီး လက်ထောက်သူပုန် ဗိုလ်နော်ဂျာဆိုင်းကို လက်ရဖမ်းဆီးမိခဲ့လေသည်။

၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့တွင် မိဖုရားခေါင်ကြီး စကြာဒေဝီမိဖုရားကြီး ကံတော်ကုန်ရာသဖြင့် သားတော်များနှင့် ဘွဲ့တော်ရ မှူးကြီးမတ်ကြီး၊ တပ်မှူးစစ်ကဲများ ရွှေနန်းတော်သို့အမြန်လာ၍ တောင်နန်းစံသခင်မိဖုရားကြီးအား နောက်ဆုံးဦးခိုက်ဖူးမြော်ကြရမည် ဟူသောအမိန့်နှင့်အတူ စံနက်ကျော်တို့ ရွှေနန်းတော်အရှင်မင်းတရား၏ ခြေဖဝါးတော်အောက် ရောက်ခဲ့ရပြန်လေသည်။

အိမ်တော်မှလချီ၍ ခွခွာရလေတိုင်း ဇနီးတစ်ယောက် အသစ်ပါလာတတ်သော ချစ်ခင်ပွန်းလူစွမ်းကြီးကို ငယ်ချစ်ဇနီးသည် ရှင်မိညိုကငြိုငြင်ရန်မဆိုထားဘိ၊ ပါလာလေသော ဘဝတူညီအစ်မများကိုအိမ်ဆောင်နေရာ စီမံပေးရသည်ပင်အလေ့အကျင့်ဖြစ်နေလေပြီ။

ရာထူးကြီးများ မင်းယောကျ်ားတို့၏ ဝတ္ထရာအတိုင်း ခရီးစဉ်တစ်လျှောက် ပြည်သူပြည်သားတို့၏ ဘဝများကိုစနည်းနာခွင့်ရခဲ့၏။ သူ ကလေးဘဝကမြင်ကွင်းများအတိုင်း ပြည်သူတို့ဘဝများကား အေးချမ်းကြသည်ဆိုသော်လည်း အလွန်ပင်ဆင်းရဲ အောက်ကျလှချေ၏။ နံငယ်ထဘီရင်ရှားဖြင့် အရှက်လုံရုံမိန်းမပျိုများ၏ အိပ်ဆောင်က ယခင်အတိုင်း ထန်းလက်တဲဝိုင်းမျှသာ။ ကျွဲပခုံးထကျောကုန်းက ပြည်သူတို့၏ဘဝသရုပ်ကို ပြထုတ်မှန်မင်းတရားတို့မမြင်နိုင် ဦးပုညတို့ မင်းကြိုက်လိုက်ရေးပုံ ပိုင်လိုက်လေဟုသာ တွေးမိသည်။

သို့သော် မင်းကြိုက်ခစား မင်းအနားရှိသူတို့စကားသာ အရာထင်သောဘဝမျိုး၌ တိုင်းကားပြည်ရွာတို့၏ အခြေမှန်ကို တင်ပြနိုင်ခြင်းမရှိစေကာမူ ခရီးရောက် မဆိုက်ပင်ဘုန်းတော်ခြေဖဝါးတော်အောက် ဦးခိုက်ခစားစဉ် ရွှေစိတ်တော်ညှိုးရော် နေသခိုက်၌ပင် ဘဝရှင်မင်းတရားကြီးက ရယ်ရွှင်ဖွယ်စကားဖြင့် ကျိစယ်မိန့်ကြားတော်မူလေရာ မင်းတရားကြီး သူ့အပေါ် ထားသည့် ဂရုဓမ္မမေတ္တာတော်များကို အခါခါဦးခိုက်မိလေသည်။

"အလို ငါကိုယ်တော်ချီးမြှောက်ရန် မလိုအောင် စန်းပွင့်တဲ့ ငစဉ်ငယ်အိမ်မှာကော အလွမ်းသင့်ကြရဲ့လားကွဲ့"

မင်းတရားကြီးက စံနက်ကျော်၏အမှု တော်ထမ်းကျေပွန်ပုံများကို ချီးမွမ်းတော်မူအပြီး ငယ်ငယ်ရွှယ်ရွှယ်ဖြင့် ဂုဏ်သတင်းကြီးများ ဇနီးများသည်ကို ရယ်စရာအဖြစ် မိန့်ကြားခြင်းဖြစ်သည်။ အနီး၌ရှိသော ယောအတွင်းဝန်ကြီးက မင်းတရားကြီး ရွှေစိတ်တော်ညှိုးငယ်နေချိန်ဖြစ်၍ ယခင်လို အထေ့အငေ့စကားမလျှောက်ကြားဝံ့နေလေသည်။ ယောမင်းကြီးမှာ ဘဝရှင်မင်းတရားကြီးနှင့် စကြာဒေဝီသခင်မကြီးတို့၏ အိမ်တော်ပါမွေးစားသားဖြစ်၍ မည်သည့်ကိစ္စမဆို မကွယ်မထောက် မကြောက်မရွံ့ လျှောက်ထားဝံ့သူဖြစ်သည်။

"ဟဲ့ ဖိုးလှိုင် မောင်မင်းက ကိုယ်တော့်စကားကို ဘာကြောင့်ပျက်ရယ်ပြုသလဲကွဲ့"

"မှန်လှပါ ဆုတောင်းကောင်း၍ ပိုလျှံသူတို့ ဖိတ်စဉ်သလောက်မျှ မရှိသောသူတို့မှာ အဘယ်မျှပင်ကောက်ကောက် လက်တစ်ဆုပ်တော့ မပြည့်ပါဘုရား"

မင်းတရားကြီးက ယောမင်းကြီးဦးဖိုးလှိုင် စကားကြွယ် စကားတတ်တိုင်း သူ့ကို စောင်းပြောနေမှန်း သိပင်သိတော်မူသော်လည်း ခပ်မဆိတ်ပင် နေတော်မူလျက် ဝဲဘက်အခြေတွင် ခစားနေသည့်အပျိုတော်တစ်ယောက်ကို အရာရွှေ့ခစားစေသည်။ အစေအပါး ကျွန်မိန်းမနှစ်ယောက်က လွန်းထဘီငါးထည်၊ ပိတ်ပြန့်ထဘီတစ်ဆယ်၊ ပိုးပဝါငါးရွက်၊ ရွှေလက်ဝတ်၊ ရွှေနားပန်၊ ရွှေဇာခြည်အမျိုးမျိုးနှင့် သနားတော်မူလေသည်။

စံနက်ကျော်ကို ပြီးခဲ့သောနှစ် ကောင်းတုံကချင်သူပုန်အရေးတော် အောင်စေရာအတွက် ချီးမြှောက်သနားတော်မူသည်ဟု မယ်ကြင်ထွေးကို လက်ဆက်ပေးသနားချီးမြှင့်တော်မူပြီး "ကဲ ငစံငယ် မယားလက်ငါးချောင်းပြည့်ရောဟယ်"ဟု ရယ်ရွှင်တော်မူရင်းမိန့်လေသည်။

"မှန်လှပါ အရှင်မင်းတရား ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား"

မင်းတရားကြီး၏ စိတ်လက်ပေါ့ပါးအမိန့်တော်စကားအဆုံးတွင် တိတ်ဆိတ်နေသော နန်းရင်ပြင်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဆူညံလျက် အင်္ဂျီဖရိုဖရဲ တောင်ရှည်စွန်တောင်ဆွဲလျက် သျှောင်ဆံစများပြေကျနေသော လူတစ်ယောက် ထီးဘုရားခြေတော်အစုံကို ဖက်ကာ သလွန်ခြေ၌ ပုန်းကွယ်နေလေသည်။

နန်းရင်ပြင်၌ရှိနေကြသော မှူးမတ်သေနာပတိကြီးများမှာ အယောင်ယောင် အမှားမှား ထပြေးသူကပြေးလျက် ဘုရင် ထီးဘုရားနှင့်အနီးကပ်ရှိနေသော ဦးဖိုးလှိုင်က ခြေမြန်လက်မြန်ထကာ ထိုသူ၏ သျှောင်ကိုဆွဲလျက် ထုထောင်းရိုက်ပုတ်လေတော့သည်။ အဖြစ်အပျက်က မြန်ဆန်လှသဖြင့် မှတ်တက်မိ ကြောင်ကြည့်နေခဲ့မိသော စံနက်ကျော်လည်း ဆောင်မားကို အမြန်ဆွဲထုတ်ကာ ထိုသူ့အနီးသို့အပြေးသွား ဓားမိုးထားလိုက်၏။

"**မင်းတရားကြီး၏ စိတ်လက်ပေါ့ပါး အမိန့်တော်စကားအဆုံးတွင် တိတ်ဆိတ်နေသော နန်းရင်ပြင်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဆူညံလျက် အင်္ဂျီဖရိုဖရဲ တောင်ရှည်စွန်တောင်ဆွဲလျက် သျှောင်ဆံစများ ပြေကျနေသောလူတစ်ယောက် ထီးဘုရားခြေတော်အစုံကိုဖက်ကာ သလွန်ခြေ၌ ပုန်းကွယ်နေလေသည် . . .**"

ဖိုးလှိုင် မောင်မင်းက ကိုယ်တော့်စကားကို ဘာကြောင့်ပျက်ရယ်ပြုသလဲကွဲ့"

"မှန်လှပါ ဆုတောင်းကောင်း၍ ပိုလျှံသူတို့ ဖိတ်စဉ်သလောက်မျှ မရှိသောသူတို့မှာ အဘယ်မျှပင်ကောက်ကောက် လက်တစ်ဆုပ်တော့ မပြည့်ပါဘုရား"

မင်းတရားကြီးက ယောမင်းကြီးဦးဖိုးလှိုင် စကားကြွယ် စကားတတ်တိုင်း သူ့ကို စောင်းပြောနေမှန်း သိပင်သိတော်မူသော်လည်း ခပ်မဆိတ်ပင် နေတော်မူလျက် ဝဲဘက်အခြေတွင် ခစားနေသည့်အပျိုတော်တစ်ယောက်ကို အရာရွှေ့ခစားစေသည်။ အစေအပါး ကျွန်မိန်းမနှစ်ယောက်က လွန်းထဘီငါးထည်၊ ပိတ်ပြန့်ထဘီတစ်ဆယ်၊ ပိုးပဝါငါးရွက်၊ ရွှေလက်ဝတ်၊ ရွှေနားပန်၊ ရွှေဇာခြည်အမျိုးမျိုးနှင့် သနားတော်မူလေသည်။

စံနက်ကျော်ကို ပြီးခဲ့သောနှစ် ကောင်းတုံကချင်သူပုန်အရေးတော် အောင်စေရာအတွက် ချီးမြှောက်သနားတော်မူသည်ဟု မယ်ကြင်ထွေးကို လက်ဆက်ပေးသနားချီးမြှင့်တော်မူပြီး "ကဲ ငစံငယ် မယားလက်ငါးချောင်းပြည့်ရောဟယ်"ဟု ရယ်ရွှင်တော်မူရင်းမိန့်လေသည်။

"မှန်လှပါ အရှင်မင်းတရား ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား"

မင်းတရားကြီး၏ စိတ်လက်ပေါ့ပါးအမိန့်တော်စကားအဆုံးတွင် တိတ်ဆိတ်နေသော နန်းရင်ပြင်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဆူညံလျက် အင်္ဂျီဖရိုဖရဲ တောင်ရှည်စွန်တောင်ဆွဲလျက် သျှောင်ဆံစများပြေကျနေသော လူတစ်ယောက် ထီးဘုရားခြေတော်အစုံကို ဖက်ကာ သလွန်ခြေ၌ ပုန်းကွယ်နေလေသည်။

နန်းရင်ပြင်၌ရှိနေကြသော မှူးမတ်သေနာပတိကြီးများမှာ အယောင်ယောင် အမှားမှား ထပြေးသူကပြေးလျက် ဘုရင် ထီးဘုရားနှင့်အနီးကပ်ရှိနေသော ဦးဖိုးလှိုင်က ခြေမြန်လက်မြန်ထကာ ထိုသူ၏ သျှောင်ကိုဆွဲလျက် ထုထောင်းရိုက်ပုတ်လေတော့သည်။ အဖြစ်အပျက်က မြန်ဆန်လှသဖြင့် မှတ်တက်မိ ကြောင်ကြည့်နေခဲ့မိသော စံနက်ကျော်လည်း ဆောင်မားကို အမြန်ဆွဲထုတ်ကာ ထိုသူ့အနီးသို့အပြေးသွား ဓားမိုးထားလိုက်၏။

"အ အ ကျုပ် ကျုပ် သမားတော်ပါ အရှင်မင်းတရား ကယ်တော်မူပါ"

**ဆက်လက်ဖော်ပြပါမည်။**

# ပွင့်ဖြူမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်



**ပွင့်ဖြူ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်နှင့် ပလတ်စတစ်သုံးစွဲမှုလျော့နည်းပပျောက်စေရန်ရည်ရွယ်၍ ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးခြင်းကို နိုဝင်ဘာလ ၄ ရက်တွင် ပွင့်ဖြူမြို့ မြို့မစည်ပင်သာယာဈေး၌ တာဝန်ရှိသူများကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်နှင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မ စည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးရောင်း၊ ဈေးဝယ်များနှင့်တွေ့ဆုံကာ သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်း မပြုကြရန်၊ ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ၄ က်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကိုသာအသုံးပြု၍ ထုပ်ပိုးရောင်းချကြရန် အသိပညာပေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် မြို့မစည်ပင်သာယာဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဈေးရောင်း၊ ဈေးဝယ်ရာတွင် အသုံးပြုရန် အင်ဖက်၊ ၄ က်ပျောဖက်၊ ကြာဖက်နှင့် စက္ကူတို့ကိုဝေငှပေးခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပေါင်မြို့နယ်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ပေါင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာလ ၄ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ဇင်းကျိုက်)၌ ကျင်းပသည်။

ရှေးဦးစွာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် မော်လမြိုင်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သူအောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကိုယ်ကျိုးနှင့်အများအကျိုးခွဲခြားတွေးတောခြင်း၊ လူမှုတန်ဖိုးတည်ဆောက်ခြင်း၊ မိမိကိုယ်တိုင်နှင့် တခြားအဖွဲ့အစည်းများကို တာဝန်ယူတတ်ခြင်း၊ အရေးကြီးသောစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်တတ်ခြင်းဆိုင်ရာများနှင့်ပက်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲ တက်ရောက်လာကြသည့် ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် မော်လမြိုင်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သူအောင်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီမှကြီးမှူး၍ နေပြည်တော် တန်ဆောင်တိုင်ပွဲတော် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်ကောင်စီမှကြီးမှူး၍ နေပြည်တော်တန်ဆောင်တိုင်ပွဲတော်ဓာတ်ပုံပြိုင်ပွဲကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တန်ဆောင်တိုင်ပွဲတော်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော် တန်ဆောင်တိုင်ပွဲတော်နှင့်မြန်မာ့အလှခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ပညာရှင်အဆင့်ဓာတ်ပုံပြိုင်ပွဲ (Professional/ Open)၊ ဝါသနာရှင်အဆင့်ဓာတ်ပုံပြိုင်ပွဲ (Camera/Phone Photography)၊ လူငယ်နှင့်ကျောင်းသားဓာတ်ပုံပြိုင်ပွဲ (Youth Photography) ဟူ၍ ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို သက်ဆိုင်ရာအဆင့်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပညာရှင်အဆင့်ဆုရရှိသူများကို ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၄၀၊ တတိယဆုငွေကျပ်သိန်း ၃၀၊ စတုတ္ထဆု ငွေကျပ်သိန်း ၂၀၊ ပဉ္စမဆု ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု သုံးဆု ငွေကျပ် ငါးသိန်းစီဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်ဆုရရှိသူများကို ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု ငါးဆု ငွေကျပ်လေးသိန်းစီဖြင့်လည်းကောင်း၊ လူငယ်နှင့်ကျောင်းသားအဆင့် ဆုရရှိသူများကို ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု ငါးဆု ငွေကျပ် သုံးသိန်းစီဖြင့်လည်းကောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် စတင်ပေးပို့ရမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက Nay Pyi Taw Council Facebook Page တွင် လည်းကောင်း၊ NPTDC Facebook Page နှင့် NPTDC Web Portal တို့တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး နေပြည်တော်ကောင်စီရုံး ဖုန်းနံပါတ် ၀၆-၅၂၄၃၈၊ ၀၆-၄၂၈၉၅၃၀ နှင့် ၀၆-၅၁၈၄၄၄ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **နေပြည်တော်(ပြန်/ဆက်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H. E. Mr. Saleumxay Kommasith ထံ အထိမ်းအမှတ်တံဆိပ်ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဗီယင်ကျန်းမြို့ရှိ စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

☆ **ရွှေဖုံးမှအဆက်**

ထမ်းဆောင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရမှုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအနေဖြင့် လာအိုနိုင်ငံသို့ ဧရိယာအတွင်း တရားဝင်ခရီးစဉ်လာရောက်ခဲ့ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအကျိုးရှိစေရန်အတွက် နားလည်မှုစာချွန်လွှာများကိုလည်း ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဒေသတွင်းကုန်သွယ်မှုများအထိ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ကောင်းမွန်သော ဆက်ဆံရေးဖြင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းအဖြစ် ရိုးသားပွင့်လင်းစွာ ဆက်ဆံခဲ့မှုအခြေအနေများ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်လှုပ်ရှားမှု၊ ချစ်ခင်ရင်နှီးမှုတိုးမြှင့်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းကောင်းဆက်ဆံရေးဖြင့် ရိုးသားပွင့်လင်းစွာ ဆက်ဆံခဲ့မှုအခြေအနေများ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်လှုပ်ရှားမှု၊ နယ်စပ်ဒေသတိုင်းရင်းသားများ၏ တည်ငြိမ်အေးချမ်းမှု၊ ဘဝလုံခြုံမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုများအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးမဆုံးရှုံးစေရေးဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ၏လက်ရှိဖြစ်ပေါ်တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုတိုးတက်ရရှိလာပြီး ဘက် စုံ ဖွံ့ ဖြိုး တိုး တ က် စေ ရေး ဆောင်ရွက်နေမှုများအပေါ် လာအိုနိုင်ငံအနေဖြင့်ထောက်ခံအားပေးမှုအခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်ထံ အထိမ်းအမှတ်တံဆိပ်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိစစ်သမိုင်းပြတိုက်သို့သွားရောက်လေ့လာကြရာ ပြတိုက်မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် လာအိုစစ်ပွဲအတွင်း အသုံးပြုခဲ့သော လက်နက်၊ ခဲယမ်းများနှင့် စစ်ဝတ်အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများ၊ လာအိုနိုင်ငံ၏ သမိုင်းဝင်တိုက်ပွဲများတွင် ဦးဆောင်ခဲ့ကြသည့် ခေါင်းဆောင်များ၊ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့ကြသည့် သူရဲကောင်းစစ်သည်များ၏ မှတ်တမ်းများ စသည့်သမိုင်းဝင်အမွေအနှစ်များကို စိတ်ဝင်စားစွာ ဖြင့် လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး လက်ဆောင်ပစ္စည်းပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ စစ်သမိုင်းပြတိုက်ကို ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်များတွင် ကျဆုံးခဲ့ရသည့်စစ်သည်သူရဲကောင်းများ၏ သမိုင်းကြောင်းများနှင့် စစ်ဘက်ဆိုင်ရာသမိုင်းဝင်ပစ္စည်းများကို စနစ်တကျခင်းကျင်းပြသထားရှိသည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အများပြည်သူ လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်လွယ်ကူချောမွေ့စေရေး မြစ်ကြီးနားမြို့အဝင် ၂၁ မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၄**

ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်စေရေးနှင့် အများပြည်သူလုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေးအတွက် မြစ်ကြီးနားမြို့အဝင် ၂၁ မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မြောက် ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

စစ်ဆေးစဉ်ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ကျဝန်ထမ်းများအနေဖြင့် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ပြည်သူများလုံခြုံအေးချမ်းစွာသွားလာနိုင်ရေး၊ စားသောက်ကုန်ပစ္စည်းများပြတ်လပ်မှုမရှိစေရေးကို အဓိကထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခွင့်အပေါ်အခွင့်အရေးယူပြီး မလိုလားအပ်သော ငွေကြေးတောင်းခံမှုများ မရှိစေရေးနှင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍တိုင်းမှူးက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများလုံခြုံရေးကို အမြဲမပြတ်စောင့်ကြည့်ပြီး စစ်ဆေးဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး ဂိတ်၌ဖြတ်သန်းလျက်ရှိသော အိမ်စီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း မြစ်ကြီးနားလေဆိပ်၌ ပြည်နယ်မီးသတ်ဦးစီးဌာန၏မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတင်ပြခြင်းနှင့် လေဆိပ်မီးဘေးလုံခြုံရေးဓာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်ရာ လေဆိပ်ခန်းမဆောင်၌ ပြည်နယ်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက စူပါအယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့်ကချင်ပြည်နယ်အပေါ် အကျိုးသက်ရောက်မှုအပေါ် မီးသတ်ဦးစီးဌာနက ရေတို/ရေရှည်မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ခန်းမအတွင်း ပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများပြသထားရှိမှုကြည့်ရှုစစ်ဆေးသည်။



ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များ၏ လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်မှုကိုကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သရုပ်ပြမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



ပန်ဆန်း နိုဝင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၃ ရက်တွင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ်၊ ပန်ဆန်းမြို့သို့ သွားရောက်ခဲ့ရာ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့် အဆင့်မြင့်ခေါင်းဆောင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အစိုးရသစ်လက်ထက်တွင်ပန်ဆန်းသို့ ဒုတိယအကြိမ်မြောက် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ "ဝ" ဒေသရှိ ပြည်သူများသည် မိမိတို့တိုင်းရင်းသားလူမျိုးများဖြစ်ပြီး ပြည်ထောင်စုမှ ခွဲမထွက်ဘဲ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဆောင်ရွက်မည်ကို သိရှိရသည့်အတွက် ဝမ်းသာပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများကို လက်မခံဘဲ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက် သွားစေလိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နှစ်ပေါင်း ၃၀ ကျော် ငြိမ်းချမ်းရေးတည်ဆောက်ထားရှိပြီးဖြစ်သည့်အတွက် ယုံကြည်မှုပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ပြီးခဲ့သည့် ဆွေးနွေးပွဲတွင် မိမိတို့၏နိုင်ငံရေးဆန္ဒအား ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကာ ပြည်ထောင်စုမှ ခွဲထွက်မည်မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းမှု မူဘောင်အတွင်းမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံဆွေးနွေးပွဲမှ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အွန်လိုင်းလောင်းကစားနှင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်နိုင်စေရေး ကိစ္စရပ်တို့အား နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ သို့ ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်သည် ဗီယက်နမ်နိုင်ငံ ကွမ်နင်းပြည်နယ် ဟောင်လောင်းမြို့၌ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ (Viet Nam International Digital Week 2026) သို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၃၀ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် MUONG THANH LUXURY HA LONG CENTRE ၌ ကျင်းပပြုလုပ်သည့် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကွမ်နင်းပြည်နယ်ပြည်သူ့ကော်မတီဥက္ကဋ္ဌ HE. Mr. Nguyen Van Cong က ကြိုဆိုအမှာစကားပြောကြားပြီး ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး H.E. VU HAI QUAN က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် "စမတ်ကျသော ချိတ်ဆက်မှုများကို မြှင့်တင်ခြင်း၊ AI နည်းပညာ စီမံအုပ်ချုပ်မှုနှင့် AI အသွင်ကူးပြောင်းမှုကို အထောက်အကူပြုခြင်း (Advancing Smart Connectivity, AI Governance and Enabling AI Transformation)" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။




ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝအရည်အသွေးမြှင့်တင်ရေးနှင့် နိုင်ငံတော်၏ကြံ့ကြံ့ခံနိုင်စွမ်းတို့အတွက် မရှိမဖြစ်အရေးပါလာသည့်အတွက် ခိုင်မာသော ဒီဂျစ်တယ်အခြေခံအုတ်မြစ်များချမှတ်ရန်နှင့် ပြည်တွင်းဒီဂျစ်တယ်စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သကဲ့သို့ အားလုံးပါဝင်နိုင်ပြီး ယုံကြည်စိတ်ချရသည့် ပြည်သူအားလုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့်ပုံစံဖြစ်စေရေးကိုလည်း သေချာစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ တွက်ချက်မှုစွမ်းရည်အရင်းအမြစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို မျှဝေအသုံးပြုခြင်း၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော်ဒီဂျစ်တယ်နည်းပညာနှင့် AI ဆိုင်ရာမူဘောင်များ ဖော်ဆောင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များအကြား အတွေ့အကြုံဖလှယ်ခြင်းတို့တွင် လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဆန်းသစ်တီထွင်မှုများတွင် တာဝန်ယူမှုရှိပြီး အကျိုးကျေးဇူးများကို အားလုံးမျှဝေခံစားနိုင်သည့် ဒီဂျစ်တယ်အနာဂတ်တစ်ရပ် ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံအပါအဝင် မိတ်ဖက်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ၊ အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့မှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာလ ၂၉ ရက်တွင် "Workshop on Trusted Services Beyond Borders: Establishing Digital Trust Infrastructure for an AI-Driven World" ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ ဒီဂျစ်တယ်ကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် အစိုးရအေဂျင်စီများမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ GSM Association၊ UNDP နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာနည်းပညာကုမ္ပဏီများ၊ ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ်စက်ပစ္စည်း ရောင်းချသူများ၊ တက္ကသိုလ်နှင့် သုတေသနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ ကိုယ်စားလှယ် ၅၀၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပေါင်မြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ခရိုင် CLEAN and GREEN ကော်မတီမှ ကွင်းဆင်းစစ်ဆေး

ပေါင် နိုဝင်ဘာ ၄

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ CLEAN and GREEN ဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုဝင်ဘာလ ၄ ရက်တွင် ခရိုင် CLEAN and GREEN ကော်မတီမှ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာသန်းဦးနှင့်တာဝန်ရှိသူများ၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့သည်အ.ထ.က (မုတ္တမ)၊အ.မ.က (ကဒါမင်းတန်း)၊အ.ထ.က (ဇင်းကျိုက်)၊ အ.မ.က မူလွန် (အင်းပိုင်း) ကျောင်းများသို့သွားရောက်၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု စသည့် CLEAN and GREEN စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆိုင်ကယ်ကူးကြိုးတံတားတည်ဆောက်ပေးနိုင်ရေး၊ အင်းတော်ကြီးအိုင်နှင့် ဧဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရေး၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ အင်္ဂျင်မြေဂရန် အမြန်ရရှိရေး၊ ခိုးရာပါပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို ထိရောက်စွာအရေးယူပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၇ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှ-ဆင်တဲကုန်းလမ်းအား ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှမြို့နယ်၊ မင်းလှ - ဆင်တဲကုန်းလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ ကတ္တရာလမ်း ၃ မိုင် ၁ ဒသမ ၇၅ ဖာလုံအနက် သုည‌မိုင်နှင့် ၂ မိုင် ၃ ဖာလုံကြား ၂ မိုင် ၃ ဖာလုံလမ်းပိုင်းမှာ မိုးများပြီး ရေတိုက်စားထား၍ သွားလာရခက်ခဲလျက်ရှိပါကြောင်း။

အဆိုပါကတ္တရာလမ်းပိုင်း ၂ မိုင် ၃ ဖာလုံအနက် မင်းလှမြို့အထွက် သုည‌မိုင်မှစ၍ ၃ ဒသမ ၅ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးမဇိုးလောင်ဝိုး၏ **လဟယ်မြို့နယ်၊ တိုက်ရံချောင်းတွင် ဆိုင်ကယ်ကူးကြိုးတံတားအား မည်သည့် ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လဟယ်မြို့နယ်၊ လဟယ်-တိုက်ရံ-ဝေါင်ညိုနောင်-ရောင်ဖွန်လမ်းပေါ်ရှိ တိုက်ရံချောင်းကူးတံတားသည် အလျား ပေ ၃၀၀၊ အကျယ် ၄ ပေ ရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျေးရွာများမှ သစ်သား၊ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ကြိုးတံတားတစ်စင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ဆိုင်ကယ်နှင့် လူများသွားလာရန် ခက်ခဲလျက်ရှိပါကြောင်း။

လတ်တလောသွားလာမှုအဆင်ပြေစေရန် ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆိုင်ကယ်ကူးကြိုးတံတားတည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီသော ဒီဇိုင်းကို ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတ မဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **အများပြည်သူဆိုင်ရာစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းအား ပွင့်လင်းမြင်သာစွာ ချပြရန်နှင့် စီမံကိန်းများ ပြောင်းလဲပါက လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၀ အရ ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ လိုအပ်သော စီမံကိန်းများရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၀၂ နည်းဥပဒေခွဲ (ဂ) အရ ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရေး ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်သည့်စီမံကိန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူပြီးဖြစ်သည့်အပြင် အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြပြီးဖြစ်သည့် စီမံကိန်းများဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အများပြည်သူနှင့် သက်ဆိုင်သည့် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများ တည်နေရာပြောင်းလဲခြင်းနှင့် လုပ်ငန်းအမျိုးအစား/ စံချိန်စံညွှန်းပြောင်းလဲခြင်း များဆောင်ရွက်ရာတွင် ပြည်သူများ ပွင့်လင်းမြင်သာစွာသိရှိစေနိုင်ရန်အတွက် ပြောင်းလဲမည့် လုပ်ငန်း/ စီမံကိန်းအပေါ်မူတည်၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထံ အသိပေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **အင်းတော်ကြီးအိုင်နှင့် ဧဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အဖိုးတန် သဘာဝအရင်းအမြစ်များ၊ ဂေဟစနစ်များနှင့် ဧဝမျိုးစုံမျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အင်းတော်ကြီးကန်သည် နိုင်ငံတကာအသိအမှတ်ပြုထားသည့် အရေးပါသောသဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သလို ကချင်ပြည်နယ်၏အထင်ကရဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်းတော်ကြီးကန်နှင့် ရေဝေရေလဲဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် တရားမဝင် ရွှေတူးဖော်မှုများ လျော့နည်းပပျောက်စေရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘေးမဲ့တောအတွင်း တရားမဝင် ရွှေတူးဖော်မှုများကိုလည်း သက်ဆိုင်ရာဥပဒေများနှင့်အညီ တားဆီးအရေးယူပြီး အင်းတော်ကြီးကန်၏ ဂေဟစနစ်နှင့် ဧဝမျိုးစုံ၊ မျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ်ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာ(၂၂)ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ရှိ ကျေးရွာအုပ်စု ၈ စုမှ ကျေးရွာ ၂၂ ရွာအနက် အင်းငယ်ကျေးရွာမှာ လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်ပါကြောင်း၊ ကျန်ကျေးရွာ ၂၁ ရွာအနက်မှ သိမ်ကုန်းကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၃၅ မိုင်နှင့် ကျန်ကျေးရွာ ၁၈ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၇ ဒသမ ၄၈ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာ ၇ လုံး၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၂၂ လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ ၂ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၁ ဒသမ ၆ မိုင် တည်ဆောက်ခြင်းတို့အား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်း လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအပေါ်မူတည်၍ ကျေးရွာစဉ်အလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ်၊ ရပ်ကွက်(၁)၊ (၂)၊ (၃) တို့တွင် နေထိုင်သူများအတွက် အင်္ဂျင်မြေဂရန် အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့တွင် မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်ရှိပြီး အဆိုပါရပ်ကွက်များသည် မြို့မြေပြန်တမ်းများအရ ရပ်ကွက်အဖြစ် ဖွဲ့စည်းထားရှိသော်လည်း ယနေ့အချိန်ထိ အမှတ်(၁)နှင့် အမှတ်(၂)ရပ်ကွက်တို့ကိုသာ မြို့မြေကွက်အဖြစ် ၁၉၀၅-၁၉၀၆ ခုနှစ်ကတည်းက မြေတိုင်းတာမှုရှိခဲ့ပြီး အမှတ်(၃)၊ အမှတ်(၄)နှင့် အမှတ်(၅)ရပ်ကွက်တို့မှာ ယနေ့အချိန်ထိ မြို့မြေကွက်များအဖြစ် တိုင်းတာသတ်မှတ်ခဲ့ခြင်းမရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ကွက်စိပ်တိုင်းတာပြီးသည့် မြို့ပေါ်ရပ်ကွက်များမှ မြေများကို လူနေထိုင်ရန်နှင့် စက်မှု/စီးပွား မြေငှားဂရန်များအတွက် အမှတ်(၁) ရပ်ကွက်တွင် ၉၃ ဦး၊ အမှတ်(၂) ရပ်ကွက်တွင် ၃၁၆ ဦး၊ အမှတ်(၃)ရပ်ကွက်တွင် ၂ ဦး၊ စုစုပေါင်း ၄၁၁ ဦးတို့အား ခွင့်ပြုထုတ်ပေးထားခဲ့ပြီးဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့၊ အမှတ်(၃) ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့တွင် မြို့မြေကွက်များအဖြစ် ကွက်စိပ်မြေတိုင်းတာထားမှုမရှိခြင်း၊ မြို့အဖြစ် သတ်မှတ်ထားပြီး တိုးချဲ့ရပ်ကွက်များအဖြစ် ဖွဲ့စည်းသတ်မှတ်ထားရှိခဲ့သော်လည်း သက်ဆိုင်ရာမူလ မြေမျိုးအား လူနေထိုင်ရန် မြို့မြေအဖြစ် မြေအသုံးချခွင့်ကို ဆောင်ရွက်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လူနေထိုင်ရန်အတွက် အသုံးပြုသောမြေသည် လယ်ယာမြေ သို့မဟုတ် စားကျက်မြေအမျိုးအစားဖြစ်ပါက မြို့မြေအသုံးပြုနိုင်ရန် အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ မြေအမျိုးအစား အလိုက် အခြားနည်းအသုံးပြုခွင့်များ ရယူဆောင်ရွက်ပြီးမှသာလျှင် မြို့မြေကွက် မြေတိုင်းတာခြင်း လုပ်ငန်းစီမံချက်ရေးဆွဲ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ပြီး မြို့မြေကွက် မြေပုံများရရှိအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့ပေါ်ရှိရပ်ကွက်များတွင် နေထိုင်ကြသော မိဘ၊ ဘိုးဘွားအစဉ်အဆက် အနေကြာသူများ၏ မြေယာပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် မြို့မြေအမျိုးအစား ပေါ်တွင် နေထိုင်ကြသည့် ရပ်ကွက်နေပြည်သူများမှ အင်္ဂျင်မြေဂရန် ရရှိရန် မြေပေးမိန့်သော်လည်း ကောင်း၊ မှတ်ပုံတင်ထားသည့်

**စာမျက်နှာ ၈ သို့ ▶▶**

►► စာမျက်နှာ ၇ မှ

အရောင်းအဝယ်စာချုပ်စာတမ်းများ ဖြင့်သော်လည်းကောင်း၊ တရားရုံး အမိန့်ဒီဂရီ စသည်ဖြင့်လည်း ကောင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ များဖြင့် လာရောက်လျှောက်ထား လာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေ ငှားဂရန်ရရှိရေး အချိန်နှင့်တစ်ပြေး ညီ ပြီးပြတ်အောင် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ မြို့မြေကွက် တိုင်းတာခြင်းလုပ်ငန်းများ ဆောင် ရွက်ရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် တွင် လျာထားဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေ ကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့် ဥပဒေ ၃/၁၉၈၆ ဖြင့် ထိရောက်စွာအရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ယာယီနေရပ်စွန့်ခွာ နေထိုင်ကြ သော ပြည်သူများ၏ အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများစွာ ခိုးယူခံရပြီးနောက် ခိုးရာပါပစ္စည်း များ ရောင်းဝယ်ခြင်းကိစ္စနှင့်ပတ် သက်၍ နစ်နာသူကာယကံရှင်များက သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းများ တွင် အမှုဖွင့်လှစ်တိုင်ကြားမှုများ ကို အရေးယူဆောင်ရွက်လျက်ရှိ ပါကြောင်း၊ ကယားပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အရေးယူဆောင်ရွက်မှု ၃ မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်ထိ ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အရေးယူဆောင်ရွက်မှု ၁ မှု၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်ထိ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အရေးယူဆောင်ရွက်မှု ၁ မှု၊ စုစု ပေါင်း ၅ မှု ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၁၉၈၆ ခုနှစ်၊ ပြည် သူ့လွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းထားသည့်တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့် ဥပဒေသည် ဥပဒေ ကခွင့်မပြုသော စီးပွားရေးလုပ်ငန်း မှ ဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်ပြီး ရရှိသောဝင်ငွေဖြင့် ဖြစ်စေ၊ ဥပဒေနှင့်အညီ အခွန်များ ကို ပေးဆောင်ခြင်းမပြုဘဲ ထိမ်ချန် ထားသော ဝင်ငွေဖြင့်ဖြစ်စေ ရရှိ သည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် ရည် ရွယ်၍ ပြဋ္ဌာန်းထားသည့်ဥပဒေ ဖြစ်ပါကြောင်းနှင့် ယာယီနေရပ် စွန့်ခွာနေထိုင်ကြရသော ပြည်သူ များ၏အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများကို ခိုးယူမှု၊ ခိုးရာပါ ပစ္စည်းများ လက်ခံရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပါပြဋ္ဌာန်း ချက်များဖြင့်သာ အရေးယူဆောင် ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန် လည်ဖြေကြားသည်။

ထို့နောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်၏ **"မြန်မာနိုင်ငံ တစ်ဝန်းရှိ အခြေခံပညာကျောင်း များတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြား နိုင်ရေးအတွက် "ကျောင်းတွင်း အကြမ်းဖက်မှုကင်းစင်ရေးမူဝါဒ (Zero-Tolerance Anti-Bullying and School Safety Policy)" ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်း ကြောင်းအဆို"**ကို တင်သွင်းရာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးကျော် စန်းဦးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့်လွှတ်တော် ၏အဆုံးအဖြတ်ရယူရာ သဘော တူသဖြင့် အဆိုအား လက်ခံဆွေး နွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေး လိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ် တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရုပ်နား လိုက်ပြီး အစည်းအဝေး ၂၄ ရက် မြောက်နေ့ကို နိုဝင်ဘာလ ၆ ရက် တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ထန်းတပင်မြို့နယ်၌ နွေစပါးစိုက်ကေ ၅၅၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ကေ ၅၅၀၀၀ ကျော် လျာထားစိုက်ပျိုး မည်ဖြစ်ပြီး လျာထားကေထက် ကျော်လွန် စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

"ထန်းတပင်မြို့နယ်မှာ ၂၀၂၆-၂၀၂၇ ခုနှစ် အတွက် နွေစပါး ၅၅၇၇၅ ကေ လျာထားစိုက် ပျိုးမှာဖြစ်ပြီး ဒီဇင်ဘာလပထမပတ်လောက် ကနေ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ ဆင်းသုခ၊ ရက်(၉၀)နဲ့ GW-11 မျိုးစပါးတွေကိုပဲ အဓိက စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကို ကပြောသည်။

နွေစပါးများ လျာထားကေပြည့်မီကျော်လွန် အောင်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာ ပေးလုပ်ငန်းများနှင့် နွေစပါးစိုက်ခင်းများ တစ်ကေအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာ ပေးဆောင်ရွက်လျက်ရှိသည့်အပြင် မျိုးကောင်း မျိုးသန့်၊ ရွေးချယ်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာ နိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပ သို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ နိုင်ငံတော် အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ် ချက်မရှိအောင် ပံ့ပိုးကူညီဆောင်ရွက်ပေး လျက်ရှိသောကြောင့် စိုက်ပျိုးတောင်သူများ အနေဖြင့်လည်း စပါးအပါအဝင် စိုက်ပျိုးသီးနှံ များကို တစ်ကေပန်းတိုင်အထွက်နှုန်းရရှိ အောင် စိုက်ပျိုးနိုင်မည်ဆိုလျှင် နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရ သည်။

**ရန်ကင်း**

# မွေးမြူရေးခြံများ၏ အပူဒဏ်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေးပြီး အယ်လ်နီညိုဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ် ကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ လျော့နည်း စေရေးနှင့် အပူဒဏ် (Heat Stroke) ကြိုတင်ကာကွယ်နိုင်ရေးအတွက် မွေးမြူရေးခြံများ၏ ပြင်ဆင်ဆောင် ရွက်ထားရှိမှုများကို ယနေ့ နံနက် ပိုင်းမှ ညနေပိုင်းအထိ တာဝန်ရှိသူ များက ကွင်းဆင်းကြည့်ရှုစစ်ဆေး ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မော်လမြိုင်မြို့နယ် ကြာအင်း ကျေးရွာအုပ်စု ကြာအင်းကျေးရွာရှိ ဦးအောင်ဆန်း၏ ကြက်ခြံတွင် မွေးမြူထားရှိသောကြက်ကောင်ရေ ၅၅၀၀ နှင့် ကော့ခနိကျေးရွာအုပ်စု ကော့ရကျေးရွာရှိ ဦးမြင့်ဝင်းဇော် ၏ဝက်ခြံတွင် မွေးမြူထားရှိသော ဝက်အကောင်ရေ ၂၀၀ တို့၏ မွေးမြူ ထားရှိမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးနှင့် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြပြီး မွေးမြူရေးတိရစ္ဆာန် များ အပူဒဏ်ကြောင့် ထိခိုက်မှုမရှိ စေရေး ကြိုတင်ပြင်ဆင်ထားရှိမှု များကိုစစ်ဆေးကာ လိုအပ်သည် များ လမ်းညွှန်မှာကြားခဲ့ပြီး အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက် သည့် သိကောင်းစရာများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ ငွေးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေ ပြည်သူများအား အယ်လ်နီညိုဖြစ်စဉ် ကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင် ကာကွယ်ရေးနည်းလမ်းများ အသိ ပညာပေးဟောပြောပွဲကို ကျင်းပ ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာန ခရိုင် ဦးစီးမှူးနှင့် တာဝန်ရှိသူလေးဦးက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီ ဥတုပြောင်းလဲမှုများဖြစ်ပေါ်လာနိုင် ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များအပေါ် အပူဒဏ်သက်ရောက်နိုင်မှုများနှင့် ထိခိုက်မှုလျော့နည်းစေရန် ကြိုတင် ပြင်ဆင် ကာကွယ်ဆောင်ရွက် ရမည့်နည်းလမ်းများကို အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရ သည်။

**(၄၀၆)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၁-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၄၀ | ၄၆၉၅ | ၄၆၄၅ | ၄၅၅၅ | ၄၇၀၀ | ၄၇၁၅ | ၄၇၄၅ | ၄၆၂၅ | ၄၉၉၅ | ၅၀၂၅ | ၄၆၄၅ | ၄၈၀၅ | ၄၇၃၅ | ၄၆၉၅ | ၄၇၀၅ | ၄၉၃၅ |
| 95 Ron | ၄၅၉၀ | ၄၇၄၅ | ၄၆၉၅ | ၄၆၀၅ | ၄၇၅၀ | ၄၇၆၅ | ၄၈၀၀ | ၄၆၇၅ | ၅၀၄၅ | ၅၀၇၅ | ၄၆၉၅ | ၄၈၄၅ | ၄၇၉၀ | ၄၇၄၅ | ၄၇၅၅ | ၄၉၈၅ |
| HSD (500 ppm) | ၄၅၁၅ | ၄၆၆၅ | ၄၆၂၀ | ၄၅၃၀ | ၄၆၇၀ | ၄၆၈၀ | ၄၇၁၅ | ၄၆၀၀ | - | ၄၉၈၀ | ၄၆၂၀ | ၅၂၁၅ | ၄၇၀၅ | ၄၆၆၅ | ၄၆၇၅ | ၄၈၉၅ |
| HSD (50 ppm) | ၅၄၈၀ | ၅၆၃၅ | ၅၅၉၀ | ၅၄၉၅ | ၅၆၄၀ | ၅၆၅၅ | ၅၆၉၀ | ၅၅၆၅ | ၅၉၃၅ | ၅၉၆၅ | ၅၅၉၀ | ၅၅၈၀ | ၅၆၈၀ | ၅၆၃၅ | ၅၆၄၅ | ၅၈၇၅ |
| HSD (10 ppm) | ၅၄၈၀ | ၅၆၃၅ | ၅၅၉၀ | ၅၄၉၅ | ၅၆၄၀ | ၅၆၅၅ | ၅၆၉၀ | ၅၅၆၅ |  | ၅၉၆၅ | ၅၅၉၀ | ၅၅၈၀ | ၅၆၈၀ | ၅၆၃၅ | ၅၆၄၅ | ၅၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၅ | ၄၄၃၅ |
| 95 Ron | ၄၃၆၅ | ၄၄၈၆ |
| HSD (500 ppm) | ၄၃၀၈ | ၄၄၂၄ |
| HSD (50 ppm) | ၅၂၂၈ | ၅၃၆၂ |
| HSD (10 ppm) | ၅၂၂၈ | ၅၃၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ရေချွေတာသုံးစွဲရေးနှင့်**
**ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှုများတွင်**
**တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပါ။**

# ငဖဲမြို့နယ်၌ ဆောင်းသီးနှံ မတ်ပဲ ၆၈၂ ဧက စိုက်ပျိုးပြီးစီး



ငဖဲ နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အခြားဆောင်းသီးနှံများနှင့်အတူ မတ်ပဲများကို စိုက်ပျိုးထားရှိရာ ယနေ့ထိ မတ်ပဲ ၆၈၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ငဖဲမြို့နယ်၌ ဆောင်းသီးနှံ မတ်ပဲကို ၁၂၇၆ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိအထွက်နှုန်းကောင်းမွန်သည့် ရေဆင်း-၄ ၂၉၄ ဧက၊ Tbl-9 ၃၁၉ ဧကနှင့် ပုလဲထွန်း ၆၉ ဧက စုစုပေါင်း ၆၈၂ ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် ဆောင်းသီးနှံမတ်ပဲကို ယခင်နှစ်က ၂၈၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော ပဲစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းရေး၊ ပိုးမွှားရောဂါ ပေါင်းမြက်နှိမ်နင်းရေး နည်းလမ်းများ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးအသုံးပြုခြင်းနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မတ်ပဲစိုက်တောင်သူများအနေဖြင့် အရည်အသွေးမြင့်သော မတ်ပဲများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်ပါက အကျိုးများနိုင်ကြောင်း သိရသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

မယု(ငဖဲ)

## မုဒိတာအပြုံး

❖ လူဘဝ ခဏတာ
အရရှာ မြတ်တရား။
ပွားမေတ္တာ ရင်ဝယ်ကိန်းလို့
ထိန်းချုပ်စိတ်ထား။

❖ ဖြူစင်ပါ နှလုံးသား
အမုန်းများ ကင်းဝေးစေ
အပြုံးပန်းဝေ။
အမှောင်ဖုံးတဲ့ အဝိဇ္ဇာတွေ
ရှောင်ကြမသွေ အစဉ်မြဲ။
တန်းတူညီ ဆက်ဆံရေးကိုဖြင့်
ရှူတွေးရင်ထဲ။

❖ ကိုယ့်ထက်သူ သာလွန်ကဲ
မမိုက်မဲ ဉာဏ်နှင့်ကူ။
မုဒိတာ အပြုံးပန်းရယ်က
ရွှင်လန်းကြည်ဖြူ။
ဝိတိပွားလို့ ကုသိုလ်ယူ
လူနဲ့လူ အချင်းချင်း။
မေတ္တာဂုဏ် မည်မျှနှမ်းအောင်ပ
သစ္စာခြုံ အကျိုးထမ်းလို့ရယ်
ကြိုးပမ်းချစ်ခြင်း။ ။

စျာန်လေး(ပညာရေး)

# ပေါင်းတည်မြို့နယ်၌ အယ်လ်နီညိုကာလ အပူဒဏ်ကာကွယ်ရေး အသိပညာပေး

ပေါင်းတည် နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြည်သူများအား အယ်လ်နီညိုကာလအတွင်း အပူဒဏ်ကာကွယ်ရေး အသိပညာပေးခြင်းကို နိုဝင်ဘာလ ၃ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အယ်လ်နီညိုကာလအတွင်း ရေဓာတ်ပြည့်ဝရန် ရေကိုလုံလောက်စွာ သောက်သုံးရန်၊ အပူဒဏ်ကြောင့် ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို သတိပြုကာကွယ်နိုင်ရန်၊ နေပူပြင်းချိန်၌ အပြင်ထွက်သွားလာမှုကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန် စသည့်အချက်များအား အသိပညာပေးပြောကြားပြီး ပြည်သူများထံ အယ်လ်နီညိုဒဏ်ကာကွယ်နိုင်ရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

ရွှေသား(IPRD)

# စာဖတ်ရှုနိုးမြှင့်တင်ရေးဟောပြောခြင်းနှင့် ပုံပြင်ဖတ်ခြင်းဆောင်ရွက်



ပျော်ဘွယ် နိုဝင်ဘာ ၄

ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ငယ်ရွယ်စဉ်ကစတင်၍ စာပေဖတ်ရှုတတ်သည့် အလေ့အကျင့် ကောင်းများရရှိစေရေး၊ ယဉ်ကျေးလိမ္မာသော၊ တန်ဖိုးရှိသောလူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်အတွက် စာဖတ်ရှုနိုးမြှင့်တင်ရေးအသိပညာပေးဟောပြောခြင်းနှင့် ပုံပြင်ဖတ်ခြင်းကို နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းကျောင်း(မြေနီကုန်း)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်အချိန်မှကာတွန်း၊ ပုံပြင်များမှတစ်ဆင့် စာပေဖတ်ရှုတတ်သည့် အလေ့အကျင့် ကောင်းများရရှိစေရေးတို့ကိုဆွေးနွေးပြီး ပုံပြင်ဖတ်ပြခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

ထို့နောက်အသိပညာဗဟုသုတတိုးပွားစေမည့် ရုပ်ပြစာအုပ်များ၊ ပုံပြင်စာအုပ်များနှင့် နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

# အသက် ၈၅ နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆေးကုသပေး



ကံမ နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများနှင့်ပင်စင်စားအငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသပေးခြင်းကို နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးဟန်ဦးဆောင်၍ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဆရာများက ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား ပြုလုပ်ပေးသည်။ ကံမမြို့နယ်၌ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၁၁-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၃။ | ၀၇:၃၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၄။ | ၀၉:၂၀ | ကျန်းမာသုတ |
| ၅။ | ၁၀:၄၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၆။ | ၁၂:၁၅ | လေးစားအတုယူစံနမူနာရဲကောင်းများ |
| ၇။ | ၁၃:၅၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၈။ | ၁၄:၁၅ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၉။ | ၁၅:၃၀ | Beauty & Healthy Tips (Rep) |
| ၁၀။ | ၁၇:၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၁။ | ၁၇:၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၁၂။ | ၁၈:၁၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၃။ | ၁၈:၂၅ | စိုက်ပျိုးသုတ |






**အိမ်တွင်းသုံးရေချွေတာရေး**

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



**အိမ်တွင်းသုံးရေချွေတာရေး**

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)



**သုံးရေချွေတာသုံးစွဲရေး နှိုးဆော်ချက်**

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကို ရေလောင်းပါ။



**သုံးရေချွေတာသုံးစွဲရေး နှိုးဆော်ချက်**

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

# ချောက်မြို့နယ် ပြည်သူ့ဈေးဌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ချောက် နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ပြည်သူ့ဈေးဌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ချောက်မြို့နယ် ပြည်သူ့ဈေးတည်ရှိပုံ၊ ရေကန်၊ ရေလိုင်းများ အရေးပေါ်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက ဈေးဇရိယာအတွင်း မီးဘေးအန္တရာယ်တွေ့ကြုံပါက မီးငြိမ်းသတ်ယာဉ် ဝင်ထွက်သွားလာနိုင်ရေး၊ မီးသတ်ရေကန်မှရေဖြင့် မီးငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ချောက်မြို့နယ် ပြည်သူ့ဈေးဌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အဆိုပါ ဇာတ်တိုက်လေ့ကျင့်နေမှုကို ခရိုင်



စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ကြည့်ရှုကြောင်း သိရသည်။ ရန်ကင်း

# ရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့်ကျေးရွာများ ကြိုတင်စာရင်းကောက်ယူထားပြီး သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေး ကြိုတင်တွက်ချက်ထားကြရန် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းမှာကြား

နေပြည်တော် နိုဝင်ဘာ ၄

ရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများကို ကြိုတင်စာရင်းကောက်ယူထားပြီး ရေသန့်စင်ကားများနှင့် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ကျေးရွာလူဦးရေ၊ ရေလိုအပ်ချက်၊ ရေအရင်းအမြစ်၏ အကွာအဝေးဖြန့်ဝေရမည့်ရေဂါလန်ပမာဏနှင့် ကြာမြင့်ချိန်၊ စက်သုံးဆီကုန်ကျငွေများကို အချက်အလက်ခိုင်မာစွာ ကြိုတင်တွက်ချက်ထားကြရန် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တာဝန်ရှိသူများအား မှာကြားသည်။



ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိရုံးအမှတ်(၃၆-ခ)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အယ်လ်နီညိုဖြစ်စဉ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးတွင် မှာကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင်ဒုတိယဝန်ကြီးဦးသိုက်စိုးနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့်အယ်လ်နီညိုကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးကကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာအချိန်မီပြီးစီးရေး၊ ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရေး၊ ပြည်သူဦးဆောင်သော စီမံကိန်းများဖော်ဆောင်ရေးတို့ကို အထူးအလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာနှင့် ဉာဏ်ရည်တုအကူအညီဖြင့် တင်ပြချက်များပြင်ဆင်သည့် ကိရိယာအသုံးပြုနည်းသင်တန်းဖွင့်လှစ်



နေပြည်တော် နိုဝင်ဘာ ၄

ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနလုပ်ငန်းများတွင်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြု၍ လုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် တင်ပြချက်များကို ပိုမိုကောင်းမွန်စွာဖန်တီးနိုင်ရန်ရည်ရွယ်၍ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်နှင့်ပူးပေါင်းဖွင့်လှစ်သည့် အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာနှင့် ဉာဏ်ရည်တုအကူအညီဖြင့် တင်ပြချက်များပြင်ဆင်သည့်ကိရိယာအသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ယနေ့တွင် ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဉာဏ်ရည်တုနည်းပညာကို အသုံးပြုနိုင်ခြင်းနှင့်အတူ မိမိလုပ်ငန်းကို ကျွမ်းကျင်နားလည်မှုရှိရန်၊ ဖြေရှင်းလိုသည့်ပြဿနာကို ရှင်းလင်းစွာ သတ်မှတ်တတ်ရန်၊ ရရှိလာသည့်အဖြေများကို မေးခွန်းထုတ်တတ်ပြီး အထောက်အထားနှင့် ပြန်လည်စိစစ်တတ်ရန် လိုအပ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ၏အကူအညီကို ရယူနိုင်သော်လည်း တင်ပြချက်နှင့်ဆုံးဖြတ်ချက်အပေါ်တာဝန်ခံမှုသည် အသုံးပြုသူထံ၌ပင်ရှိကြောင်း၊ ဌာန၏အချက်အလက်များကို ကိုင်တွယ်နေကြသည့်ဝန်ထမ်းများအနေဖြင့် မိမိအသုံးပြုမည့်အချက်အလက်ကိုပြည်စုံစနစ်တစ်ခုသို့ပေးပို့ခွင့်ရှိ၊ မရှိ သိရှိထားရမည်ဖြစ်ပြီး ဉာဏ်ရည်တုနည်းပညာထဲတွင် စာသားရိုက်ထည့်ခြင်း၊ စာရွက်စာတမ်းထည့်သွင်းခြင်း၊ ဓာတ်ပုံ၊ အသံဖိုင်နှင့် အစည်းအဝေးမှတ်တမ်းများ ထည့်သွင်းခြင်းများအားလုံးသည် အချက်အလက်ပေးပို့ခြင်းဖြစ်သည်ကို နားလည်ထားစေလိုကြောင်း။

ရုံးလုပ်ငန်းအတွက်အသုံးပြုမည့် ဉာဏ်ရည်တုနည်းပညာသုံးစနစ်များကို စနစ်တကျစိစစ်သုံးစွဲရန် လိုအပ်ပြီး ခိုင်မာသည့်စကားဝှက်ထားရှိခြင်း၊ ရရှိနိုင်သည့်စနစ်များတွင် အဆင့်ဆင့်အတည်ပြုဝင်ရောက်ခြင်းနှင့် မလိုအပ်သည့် ချိတ်ဆက်ခွင့်များ မပေးခြင်းတို့ကို လိုက်နာရမည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာ၊ အတွေ့အကြုံ၊ ဗဟုသုတများကို မိမိတို့၏လုပ်ငန်းကျွမ်းကျင်မှုဖြင့် ပေါင်းစပ်ပြီး လုပ်ငန်းခွင်တွင်အကျိုးရှိထိရောက်မှန်ကန်စွာ အသုံးချကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ ဆွေးနွေးပို့ချမည့်အစီအစဉ်နှင့် ကွန်ရက်အနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်လင်းပြောကြားသည်။

ယင်းနောက် သင်တန်းဆရာ၊ ဆရာမများက ဉာဏ်ရည်တုနည်းပညာအသုံးပြုမှု အခြေခံသဘောတရား၊ နေ့စဉ်လုပ်ငန်းခွင်တွင် အသုံးချနိုင်သော ကိရိယာများ၊ ထိရောက်သည့် မေးခွန်းရေးသားနည်းနှင့် ဉာဏ်ရည်တုကို လုံခြုံပြီးတာဝန်ယူမှုရှိစွာ အသုံးပြုနည်းတို့ကိုလက်တွေ့ပြသခြင်း၊ လမ်းညွှန်ပေးပြီး လက်တွေ့လေ့ကျင့်ခြင်းနှင့် တစ်ဦးချင်း၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်းများဖြင့် သင်ကြားပို့ချရာ သင်တန်းသားများ၏သိရှိလိုသည်များမေးမြန်းမှုအပေါ် တာဝန်ရှိသူများကရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# လူငယ်လေ့လာရေးအဖွဲ့ ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်တို့သို့ သွားရောက်လေ့လာ

တောင်ကြီး နိုဝင်ဘာ ၄

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာအထက် တန်းကျောင်းများနှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များမှ လူငယ်လေ့လာရေးအဖွဲ့သည် တောင်ကြီးမြို့ ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ ဦးစီးဌာနရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်တို့သို့ သွားရောက်လေ့လာကြသည်။

ထိုသို့လေ့လာစဉ် တာဝန်ရှိသူများက ရွှေဟောင်းသုတေသနဆိုင်ရာပြတိုက်ရှိ တိုင်းရင်းသားမျိုးနွယ်စုပြခန်း၌ ရှမ်းပြည်နယ်၏ အထိမ်းအမှတ် ကိန္နရီ၊ ကိန္နရာကဟန်ရုပ်တု၊ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြခန်းရှိ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ လက်မှုလုပ်ငန်းများ၊ စဉ့်ထည်၊ ယွန်းထည်၊ မြေထည်များနှင့် တိုင်းရင်းသားများ၏ရိုးရာအိမ်ပုံစံငယ်များ၊ ပေါရိသတ်မြို့ဟောင်းမှရရှိခဲ့သည့် ကြေးဖြင့် သွန်းလောင်းထားသော ပျူခေတ်ဆိုင်ရာ ရွှေဟောင်းဗုဒ္ဓဆင်းတုတော်၊ သစ်သားဖြင့်ထွင်းထုထားသောစေတီတော်၊ ပျူဒင်္ဂါးများ၊ ရုပ်ကြွပါသောအုတ်ချပ်များ၊ သစ်မွေးစာတိုက် သေတ္တာများ၊ ရှမ်းတိုင်းရင်းသားစာဆိုတော်များ၏ ပန်းချီကားများ၊ ရွှေယခင်ကုန်စည်ဝန်ဆောင်မှုတွင် အသုံးပြုသော ကြေးခေါင်းလောင်းများ၊ သမိုင်းဝင်ပင်လုံစာချုပ်နှင့်ပန်းချီပြခန်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြခန်း၊ သုတ၊ ရသစာအုပ်စာစောင်များ ထိန်းသိမ်းထားရှိမှုနှင့်ဌာနရမ်းမှု အခြေအနေကို လိုက်လံရှင်းလင်းပြသကြပြီး လူငယ်လေ့လာရေးအဖွဲ့၏သိရှိလိုသည်များကို ဖြေကြားပေးကြသည်။



အဆိုပါလူငယ်လေ့လာရေးအဖွဲ့ ပြတိုက်အတွင်း ကြည့်ရှုလေ့လာနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လူငယ်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့မှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့သည်တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ကို သွားရောက်လေ့လာကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ မြို့မရုပ်ကွက်ရှိ တောင်ကြီးမြို့မရဲစခန်း၌ လေးခန်းတွဲသုံးထပ်သံကူကွန်ကရစ် အဆောက်အအုံတည်ဆောက်နေမှု၊ မင်္ဂလာဦးရပ်ကွက်ရှိ တောင်ကြီးနယ်မြေရဲစခန်း၌ ခြောက်ခန်းတွဲသုံးထပ်သံကူကွန်ကရစ်အဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂစ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**မင်္ဂစ် နိုဝင်ဘာ ၄**

ဘယ်လာရုစ်ဆမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင်္ဂစ်မြို့၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂစ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘေကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ လာအို၊ ကမ္ဘောဒီးယား၊ အီရန်၊ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ နိုင်ငံတကာသုတေသီများနှင့် ပညာရှင်များ စုစုပေါင်းကိုယ်စားလှယ် ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပသည့် ညီလာခံဖွင့်ပွဲအခမ်းအနားဌာ ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန် ကိုနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Organization for Security and Cooperation in Europe (OSCE)၊ Collective Security Treaty Organization (CSTO)၊ Shanghai Cooperation Organization (SCO) နှင့် Common wealth of Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားခဲ့ကြသည်။



ဘယ်လာရုစ်နိုင်ငံသမ္မတက မိန့်ခွန်းပြောကြားရာတွင် မင်္ဂစ်နိုင်ငံတကာအဆင့်မြင့် ညီလာခံသည် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးသည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ ယူရေးရှားသည် ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုများနှင့် ကမ္ဘာ့ဘာသာတရားများ ပေါ်ထွန်းရာ နေရာဖြစ်ပြီး မတူညီသော ယဉ်ကျေးမှုများနှင့် လူမျိုးများအကြား ထောင်စုနှစ်များစွာ အပြန်အလှန်ဆက်ဆံထိတွေ့လာခဲ့သည့် သမိုင်းကြောင်း ရှိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိအကြီးမားဆုံးသော သယံဇာတအရင်းအမြစ်များနှင့် လူဦးရေအများစု တည်ရှိရာနေရာလည်းဖြစ်ပါကြောင်း၊ ယူရေးရှားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မျိုးဆက်သစ်များထံသို့ ကြောက်ရွံ့မှုနှင့် သံသယများကင်းစင်သည့် ကမ္ဘာကြီးတစ်ခုကို ပုံဖော်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် စုပေါင်းညီညွတ်သော ယူရေးရှားဒေသဖြစ်လာစေရန် လိုလားပါကြောင်း၊ ယူရေးရှားဒေသ၏လုံခြုံရေးသည် အားလုံးနှင့် သက်ဆိုင်ပြီး ခွဲခြား၍မရနိုင်သော ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မည်သူမျှ (အနောက်ကမ္ဘာဖြစ်စေ၊ အရှေ့ကမ္ဘာဖြစ်စေ) တစ်ဦးတည်းအနေဖြင့် ဤလုံခြုံရေးကို အပြည့်အဝ တာဝန်ယူ ဆောင်ရွက်ပေးနိုင်မည် မဟုတ်သောကြောင့် ဤတာဝန်ကို အားလုံးက ပူးတွဲထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေက မိန့်ခွန်းပြောကြားရာတွင် လက်ရှိကမ္ဘာ့လုံခြုံရေးကဏ္ဍတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်နေရချိန်၌ ယူရေးရှားဒေသရှိ နိုင်ငံများအနေဖြင့် ပြိုင်ဆိုင်မှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများထက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးသည့် လုံခြုံရေးဆိုင်ရာလမ်းကြောင်းကို ကိုယ်တိုင်ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "၂၁ ရာစုမတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ရိုးစနစ်ဆိုင်ရာ ယူရေးရှားပဋိညာဉ်စာတမ်း"ရေးဆွဲမှုကိုကြိုဆိုပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ စည်းမျဉ်းများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့နှင့် အညီ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံအားလုံး၏ ဘုံအနာဂတ်အတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးမှု၊ အပြန်အလှန် လေးစားမှုနှင့် ညီမျှသည့်မိတ်ဖက်ဆောင်ရွက်မှုတို့အပေါ် အခြေခံသော ပွင့်လင်းမှု၊ ဟန်ချက်ညီမှုနှင့်အားလုံး ပါဝင်နိုင်သော လုံခြုံရေးဗိသုကာ တစ်ရပ်ပေါ်ထွက်ရေးကို မြန်မာနိုင်ငံအနေဖြင့် အခိုင်အမာထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး မျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ တစ်ဆင့်အစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် အဓိကရည်မှန်းချက်နှစ်ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် လူကုန်ကူးမှုများစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်လျက်ရှိပြီး၊ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့် အဓိကပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတက်ရောက်စဉ်ကာလ အတွင်း နိုဝင်ဘာလ ၃ ရက်တွင် ရုန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အတွင်းရေးမှူးချုပ် မစ္စတာ ချူလန်ယာမတ် ဘာယက်ဗ်နှင့် တွေ့ဆုံရာတွင် ဒေသတွင်းငြိမ်းချမ်းရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် SCO တို့အကြား ပို့မိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး၊ SCO ၏ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှုကဏ္ဍများ တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံအနေဖြင့် SCO တွင် တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်ထောက်ခံပေးရေးတို့နှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အခြေခံ၍ အဆင့်မြင့်တင်ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်နှင့် တွေ့ဆုံရာတွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူညီမျှမှုကို အစဉ်အမြဲထောက်ခံပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးအား နေပြည်တော်တွင် စတင်ဖွင့်လှစ်ထားရှိမှု၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး အပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ ယူရေးရှားပဋိညာဉ်ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နီဒီကော့ဗ်နှင့် တွေ့ဆုံစဉ်ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး၊ ပညာရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးအပါအဝင် နိုင်ငံတော်သမ္မတ၏ ၂၀၂၄ ခုနှစ် ဩဂုတ်လ ရုရှားနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များအကြား ဆွေးနွေးခဲ့မှုများကို ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော်မှ သင်တန်းသားများစေလွှတ်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂစ်နိုင်ငံတကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် တတိယအကြိမ်နှင့် ယခု ၂၀၂၆ ခုနှစ်တွင် "Navigating International Disorder in the Spirit of cooperation: Can We Solve the Eurasian Security Puzzle" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# လူငယ်အားမာန် လူငယ်သင်တန်းကျောင်းတွင် လက်ခံစောင့်ရှောက်ထားသောလူငယ်များကို လေ့ကျင့်သင်ကြားပျိုးထောင်ပေးနေမှုအခြေအနေ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီးလွယ်တာမြို့ရှိလူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်အားမာန်လူငယ်သင်တန်းကျောင်းတွင်လက်ခံစောင့်ရှောက်ထားသော လူငယ်များကို လေ့ကျင့်သင်ကြားပျိုးထောင်ပေးနေမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောဝ်ဆု ဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့သွားရောက်စဉ်ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်တာဝန်ထမ်းဆောင်ရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ လုပ်ငန်းတာဝန်များကိုအလေးထားကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားကာ ဝန်ထမ်းများ၏တပ်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် လပွတ္တာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနရုံးနှင့် ကယ်ဆယ်ရေးသိုလှောင်ရုံတို့ကိုကြည့်ရှုစစ်ဆေးပြီး သိုလှောင်ပစ္စည်းများ လေလွင့်မှုမဖြစ်ပေါ်စေရေး၊ ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး အယ်လ်နီညိုနှင့် ဆက်စပ်ဖြစ်ပွားနိုင်မှုများ၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ ကြိုတင်စုဆောင်းစီမံထားမှု အခြေအနေ၊ ရာသီဥတုပူပြင်းချိန်တွင် အများပြည်သူအပူဒဏ် အန္တရာယ်လျော့ပါးရေးအတွက် အပူရှောင်စခန်းများဖွင့်လှစ်နိုင်ရေး စီမံထားမှုတို့အပါအဝင် တိုင်ပြန်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# စိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သင့်သည့် စက်ဝန်းစိုက်ပျိုးရေးစနစ် အပိုင်း(၂)

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

**စက်ဝန်းစိုက်ပျိုးရေးရှိ ရေရှည်တည်တံ့သော စိုက်ပျိုးရေးကျင့်စဉ်များ**

**(က) ဂေဟစနစ်စိုက်ပျိုးရေး (Agroecology)**

ဂေဟစနစ်စိုက်ပျိုးရေးဆိုသည်မှာ သဘာဝဂေဟစနစ်၏ဖြစ်စဉ်များနှင့် ဂေဟဗေဒဆိုင်ရာ သဘောတရားများကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်သည့် စဉ်ဆက်မပြတ် စိုက်ပျိုးရေးစနစ်တစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ဓာတုပစ္စည်းများနှင့် ဓာတ်မြေဩဇာများကို အလွန်အကျွံအသုံးပြုခြင်းအစား သဘာဝအတိုင်း အပြန်အလှန်အကျိုးပြုမှုကိုအသုံးချကာ ရေရှည်တည်တံ့ခိုင်မြဲသောစိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်ခြင်းဖြစ်သည်။

ဤစနစ်တွင် သီးနှံမျိုးစုံကိုရောနှောစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် သဘာဝဂေဟစနစ်ကိုမျှတစေသည်။ ထို့ပြင် ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများအစား သဘာဝမြေဩဇာ၊ တိရစ္ဆာန်ချေးနှင့် သဘာဝပိုးထိန်းချုပ်ရေးနည်းလမ်းများကို အဓိကအသုံးပြုကြပြီး မြေဆီလွှာအတွင်းရှိ အဏုဇီဝများကိုထိန်းသိမ်းရန် မြေဖုံးသီးနှံများစိုက်ပျိုးခြင်းနှင့် မြေဆီလွှာကို အလွန်အကျွံထွန်ယက်ခြင်းအား ရှောင်ကြဉ်ကြသည်။ ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးရင်းများနှင့် တိရစ္ဆာန်များကိုထိန်းသိမ်းကာ သဘာဝဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားထိန်းချုပ်ခြင်း သဘာဝစက်ဝန်းကို အားပေးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများကိုပါ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ဂေဟစနစ်စိုက်ပျိုးရေးကိုကျင့်သုံးခြင်းအားဖြင့် မြေဆီလွှာကျန်းမာစေပြီး အာဟာရဓာတ်များကို ရေရှည်တည်တံ့စေသောကြောင့် နောင်အနာဂတ်တွင်လည်း စိုက်ပျိုးထုတ်လုပ်မှုမကျဆင်းစေရန် အထောက်အကူပြုသည်။ ဈေးကြီးပေးဝယ်ရသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဝယ်ယူရသည့် စရိတ်များစွာကိုလည်း လျော့ကျစေသည့်အပြင် ဓာတုအဆိပ်အတောက်ကင်းစင်သော သီးနှံများကို ထုတ်လုပ်နိုင်သည့်အတွက် ဈေးကွက်အလားအလာကောင်းများရှိရုံမျှမက စားသုံးသူများ၏ ကျန်းမာရေးကိုပါ အထောက်အကူပြုစေသည်။ ထို့ပြင် ရာသီဥတုဖောက်ပြန်မှုနှင့် မိုးခေါင်ရေရှားမှုဒဏ်ကို သမားရိုးကျစိုက်ပျိုးရေးစနစ်များထက် ပိုမိုခံနိုင်ရည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရင်း လူသားများအတွက် လိုအပ်သောအစားအစာများကို ရေရှည်ဖူလုံအောင် ထုတ်လုပ်ပေးနိုင်သည့် အကောင်းဆုံးစိုက်ပျိုးရေးနည်းလမ်းတစ်ရပ်ဖြစ်သည်။

ဤစနစ်သည် မတူကွဲပြားသော သီးနှံစိုက်ပျိုးရေးစနစ်များကို ပေါင်းစပ်အသုံးပြုခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဟန်ချက်ညီညီ တွဲဖက်လုပ်ကိုင်ခြင်းတို့ဖြင့် သဘာဝဂေဟစနစ်၏ ဖြစ်စဉ်များကို အတုယူဖော်ဆောင်ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် လယ်ယာမြေအတွင်းရှိ အစိတ်အပိုင်းအသီးသီးအကြား အပြန်အလှန် အကျိုးပြုကာ အရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်သည့် အကောင်းဆုံးဆက်ဆံရေးများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် ဂေဟစိုက်ပျိုးရေးစနစ်များတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် တိရစ္ဆာန်များမှထွက်ရှိသည့် ကျင်ကြီး၊ ကျင်ငယ် ဓာတုပစ္စည်းများသည် သီးနှံများအတွက် အာဟာရကြွယ်ဝသော မြေဩဇာအဖြစ် လုပ်ဆောင်ပေးသည့် သဘာဝအရင်းအမြစ် လှည့်ပတ်စီးဆင်းမှုကိုဖြစ်ပေါ်စေသည်။ ဤကဲ့သို့ အာဟာရဓာတ်စက်ဝန်းကို ပေါင်းစပ်စီမံခန့်ခွဲခြင်းဖြင့် ပြင်ပမှ ဓာတုဓာတ်မြေဩဇာအပေါ် မှီခိုမှုကို လျော့ချကာ မိုးရေစုဆောင်းခြင်း၊ နေရောင်ခြည်ကို အကောင်းဆုံးအသုံးချခြင်းတို့ဖြင့် မိမိဘာသာရပ်တည်နိုင်မှုကို တည်ဆောက်ကြပြီး ရေကန်၊ ကြက်မွေးမြူရေးနှင့် ဟင်းသီးဟင်းရွက်ခင်းများကို သီးခြားစီထားရှိမည့်အစား တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အကူပြုမည့်ပုံစံဖြင့် ချိတ်ဆက်စိုက်ပျိုးမွေးမြူကြသည်။

ပြည့်ဝဖူလုံမှုရှိသည့်စိုက်ပျိုးရေးကိုကျင့်သုံးခြင်းအားဖြင့် ပြင်ပမှ ဓာတုပစ္စည်းများနှင့် သွင်းအားစုများအပေါ် မှီခိုနေရမှုကိုလျော့ပါးစေပြီး အစားအစာ၊ ရေနှင့်စွမ်းအင်တို့ကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်နိုင်စွမ်းကိုတိုးတက်စေသည်။ မြေဆီလွှာကို အမြဲတမ်း အုပ်ဆိုင်းပေးထားခြင်းနှင့် ဓာတုပစ္စည်းမသုံးခြင်းကြောင့် အဏုဇီဝများနှင့် မြေဆွေးဓာတ်များကြွယ်ဝလာကာ ဇီဝမျိုးစုံမျိုးကွဲများပြန်လည်ရှင်သန်လာစေသည့်အပြင် ရာသီဥတုဖောက်ပြန်မှုနှင့် မိုးခေါင်ရေရှားမှုများကိုခံနိုင်ရည်ရှိသော ကျန်းမာသန်စွမ်းသည့် ဂေဟစနစ်ငယ်များကို ဖန်တီးပေးနိုင်သဖြင့် လူသားနှင့်သဘာဝ ဟန်ချက်ညီညီ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို ဖော်ဆောင်ပေးသော အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ပေသည်။

**(ဂ) သီးနှံသစ်တောရောနှောစိုက်ပျိုးရေး (Agroforestry)**

သီးနှံသစ်တော ရောနှောစိုက်ပျိုးရေးဆိုသည်မှာ သဘာဝတောတောင်များ၏ မြေဆီလွှာအလွှာလိုက် ဖြစ်တည်မှုနှင့် ဂေဟစနစ်သဘောတရားများကိုအတုယူကာ သစ်တောပင်များ သို့မဟုတ် အရိပ်ရသစ်ပင်ကြီးများကို စိုက်ပျိုးရေးသီးနှံများ၊ စားကျက်မြေများသို့မဟုတ် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့်အတူ နေရာတစ်ခုတည်းတွင် ဟန်ချက်ညီညီဖြင့် စနစ်တကျ ပေါင်းစပ်စိုက်ပျိုးမွေးမြူသည့် အကျိုးပြုစိုက်ပျိုးရေးစနစ်တစ်ခုဖြစ်သည်။

ဤစနစ်တွင် အပင်အမြင့်ပေကွာခြားချက်အလိုက် အပင်ကြီး၊ အပင်လတ်၊ အပင်ငယ်နှင့် မြေဖုံးသီးနှံများကို အလွှာလိုက် ရောနှောစိုက်ပျိုးကြသည်။ ဤသို့စီမံခြင်းဖြင့် နေရောင်ခြည်နှင့် မြေအောက်အာဟာရဓာတ်များကို အကောင်းဆုံးနှင့် အထိရောက်ဆုံး အသုံးချနိုင်စွမ်းရှိလာစေသည်။ ရာသီသီးနှံစိုက်ခင်းများကြားတွင် နှစ်ရှည်ပင်များကို စနစ်တကျတန်းစီစိုက်ပျိုးခြင်းဖြင့် သစ်ပင်များမှ ကျဆင်းလာသော သစ်ရွက်ကြွေများနှင့် အညွှန့်အဖတ်များက မြေဆီလွှာကို သဘာဝမြေဆွေးဓာတ် ပိုမိုတိုးပွားစေသည်။ သစ်ပင်ကြီးများအောက်ရှိမြေလွှာနေရာများတွင် တိရစ္ဆာန်များကို လွှတ်ကျောင်းမွေးမြူခြင်းဖြင့် ကြက်ချေး၊ နွားချေးအစရှိသည့် တိရစ္ဆာန်များမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများသည် သစ်ပင်များနှင့် မြေဆီလွှာအတွက် အာဟာရကြွယ်ဝသော သဘာဝမြေဩဇာအဖြစ် ပြန်လည်အကျိုးပြုသည်။ လယ်ကွင်းစပ်များနှင့် စိုက်ခင်းအစွန်းများတွင် လေကာပင်တန်းများကို စနစ်တကျစိုက်ပျိုးပေးခြင်းအားဖြင့် ပြင်းထန်သောလေပြင်းဒဏ်ကို ကာကွယ်ပေးနိုင်ရုံသာမက မြေဆီလွှာတိုက်စားပျက်စီးခြင်းကိုပါ ထိရောက်စွာတားဆီးပေးနိုင်သည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးရေးကို ကျင့်သုံးခြင်းအားဖြင့် သစ်ပင်များ၏အမြစ်စနစ်က မြေဆီလွှာကို ခိုင်မြဲစွာဖမ်းဆုပ်ထားပြီး သစ်ရွက်ကြွေများမှ မြေကိုဖုံးအုပ်ကာကွယ်ပေးထားသဖြင့် မိုးရေကြောင့် မြေဆီလွှာတိုက်စားခြင်းကို တားဆီးနိုင်သည်။

ဤသို့ဖြင့် သဘာဝဂေဟစနစ်ကိုမျှတစေသည်။ ထို့ပြင် ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများအစား သဘာဝမြေဩဇာ၊ တိရစ္ဆာန်ချေးနှင့် သဘာဝပိုးထိန်းချုပ်ရေးနည်းလမ်းများကို အဓိကအသုံးပြုကြပြီး မြေဆီလွှာအတွင်းရှိ အဏုဇီဝများကိုထိန်းသိမ်းရန် မြေဖုံးသီးနှံများစိုက်ပျိုးခြင်းနှင့် မြေဆီလွှာကို အလွန်အကျွံထွန်ယက်ခြင်းအား ရှောင်ကြဉ်ကြသည်။ ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးရင်းများနှင့် တိရစ္ဆာန်များကိုထိန်းသိမ်းကာ သဘာဝဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားထိန်းချုပ်ခြင်း သဘာဝစက်ဝန်းကို အားပေးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများကိုပါ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ဂေဟစနစ်စိုက်ပျိုးရေးကိုကျင့်သုံးခြင်းအားဖြင့် မြေဆီလွှာကျန်းမာစေပြီး အာဟာရဓာတ်များကို ရေရှည်တည်တံ့စေသောကြောင့် နောင်အနာဂတ်တွင်လည်း စိုက်ပျိုးထုတ်လုပ်မှုမကျဆင်းစေရန် အထောက်အကူပြုသည်။ ဈေးကြီးပေးဝယ်ရသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဝယ်ယူရသည့် စရိတ်များစွာကိုလည်း လျော့ကျစေသည့်အပြင် ဓာတုအဆိပ်အတောက်ကင်းစင်သော သီးနှံများကို ထုတ်လုပ်နိုင်သည့်အတွက် ဈေးကွက်အလားအလာကောင်းများရှိရုံမျှမက စားသုံးသူများ၏ ကျန်းမာရေးကိုပါ အထောက်အကူပြုစေသည်။ ထို့ပြင် ရာသီဥတုဖောက်ပြန်မှုနှင့် မိုးခေါင်ရေရှားမှုဒဏ်ကို သမားရိုးကျစိုက်ပျိုးရေးစနစ်များထက် ပိုမိုခံနိုင်ရည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရင်း လူသားများအတွက် လိုအပ်သောအစားအစာများကို ရေရှည်ဖူလုံအောင် ထုတ်လုပ်ပေးနိုင်သည့် အကောင်းဆုံးစိုက်ပျိုးရေးနည်းလမ်းတစ်ရပ်ဖြစ်သည်။

ဤစနစ်သည် မတူကွဲပြားသော သီးနှံစိုက်ပျိုးရေးစနစ်များကို ပေါင်းစပ်အသုံးပြုခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဟန်ချက်ညီညီ တွဲဖက်လုပ်ကိုင်ခြင်းတို့ဖြင့် သဘာဝဂေဟစနစ်၏ ဖြစ်စဉ်များကို အတုယူဖော်ဆောင်ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် လယ်ယာမြေအတွင်းရှိ အစိတ်အပိုင်းအသီးသီးအကြား အပြန်အလှန် အကျိုးပြုကာ အရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်သည့် အကောင်းဆုံးဆက်ဆံရေးများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် ဂေဟစိုက်ပျိုးရေးစနစ်များတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် တိရစ္ဆာန်များမှထွက်ရှိသည့် ကျင်ကြီး၊ ကျင်ငယ် ဓာတုပစ္စည်းများသည် သီးနှံများအတွက် အာဟာရကြွယ်ဝသော မြေဩဇာအဖြစ် လုပ်ဆောင်ပေးသည့် သဘာဝအရင်းအမြစ် လှည့်ပတ်စီးဆင်းမှုကိုဖြစ်ပေါ်စေသည်။ ဤကဲ့သို့ အာဟာရဓာတ်စက်ဝန်းကို ပေါင်းစပ်စီမံခန့်ခွဲခြင်းဖြင့် ပြင်ပမှ ဓာတုဓာတ်မြေဩဇာအပေါ် မှီခိုမှုကို လျော့ချကာ မိုးရေစုဆောင်းခြင်း၊ နေရောင်ခြည်ကို အကောင်းဆုံးအသုံးချခြင်းတို့ဖြင့် မိမိဘာသာရပ်တည်နိုင်မှုကို တည်ဆောက်ကြပြီး ရေကန်၊ ကြက်မွေးမြူရေးနှင့် ဟင်းသီးဟင်းရွက်ခင်းများကို သီးခြားစီထားရှိမည့်အစား တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အကူပြုမည့်ပုံစံဖြင့် ချိတ်ဆက်စိုက်ပျိုးမွေးမြူကြသည်။

ပြည့်ဝဖူလုံမှုရှိသည့်စိုက်ပျိုးရေးကိုကျင့်သုံးခြင်းအားဖြင့် ပြင်ပမှ ဓာတုပစ္စည်းများနှင့် သွင်းအားစုများအပေါ် မှီခိုနေရမှုကိုလျော့ပါးစေပြီး အစားအစာ၊ ရေနှင့်စွမ်းအင်တို့ကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်နိုင်စွမ်းကိုတိုးတက်စေသည်။ မြေဆီလွှာကို အမြဲတမ်း အုပ်ဆိုင်းပေးထားခြင်းနှင့် ဓာတုပစ္စည်းမသုံးခြင်းကြောင့် အဏုဇီဝများနှင့် မြေဆွေးဓာတ်များကြွယ်ဝလာကာ ဇီဝမျိုးစုံမျိုးကွဲများပြန်လည်ရှင်သန်လာစေသည့်အပြင် ရာသီဥတုဖောက်ပြန်မှုနှင့် မိုးခေါင်ရေရှားမှုများကိုခံနိုင်ရည်ရှိသော ကျန်းမာသန်စွမ်းသည့် ဂေဟစနစ်ငယ်များကို ဖန်တီးပေးနိုင်သဖြင့် လူသားနှင့်သဘာဝ ဟန်ချက်ညီညီ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို ဖော်ဆောင်ပေးသော အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ပေသည်။

**(ဂ) သီးနှံသစ်တောရောနှောစိုက်ပျိုးရေး (Agroforestry)**

သီးနှံသစ်တော ရောနှောစိုက်ပျိုးရေးဆိုသည်မှာ သဘာဝတောတောင်များ၏ မြေဆီလွှာအလွှာလိုက် ဖြစ်တည်မှုနှင့် ဂေဟစနစ်သဘောတရားများကိုအတုယူကာ သစ်တောပင်များ သို့မဟုတ် အရိပ်ရသစ်ပင်ကြီးများကို စိုက်ပျိုးရေးသီးနှံများ၊ စားကျက်မြေများသို့မဟုတ် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့်အတူ နေရာတစ်ခုတည်းတွင် ဟန်ချက်ညီညီဖြင့် စနစ်တကျ ပေါင်းစပ်စိုက်ပျိုးမွေးမြူသည့် အကျိုးပြုစိုက်ပျိုးရေးစနစ်တစ်ခုဖြစ်သည်။

ဤစနစ်တွင် အပင်အမြင့်ပေကွာခြားချက်အလိုက် အပင်ကြီး၊ အပင်လတ်၊ အပင်ငယ်နှင့် မြေဖုံးသီးနှံများကို အလွှာလိုက် ရောနှောစိုက်ပျိုးကြသည်။ ဤသို့စီမံခြင်းဖြင့် နေရောင်ခြည်နှင့် မြေအောက်အာဟာရဓာတ်များကို အကောင်းဆုံးနှင့် အထိရောက်ဆုံး အသုံးချနိုင်စွမ်းရှိလာစေသည်။ ရာသီသီးနှံစိုက်ခင်းများကြားတွင် နှစ်ရှည်ပင်များကို စနစ်တကျတန်းစီစိုက်ပျိုးခြင်းဖြင့် သစ်ပင်များမှ ကျဆင်းလာသော သစ်ရွက်ကြွေများနှင့် အညွှန့်အဖတ်များက မြေဆီလွှာကို သဘာဝမြေဆွေးဓာတ် ပိုမိုတိုးပွားစေသည်။ သစ်ပင်ကြီးများအောက်ရှိမြေလွှာနေရာများတွင် တိရစ္ဆာန်များကို လွှတ်ကျောင်းမွေးမြူခြင်းဖြင့် ကြက်ချေး၊ နွားချေးအစရှိသည့် တိရစ္ဆာန်များမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများသည် သစ်ပင်များနှင့် မြေဆီလွှာအတွက် အာဟာရကြွယ်ဝသော သဘာဝမြေဩဇာအဖြစ် ပြန်လည်အကျိုးပြုသည်။ လယ်ကွင်းစပ်များနှင့် စိုက်ခင်းအစွန်းများတွင် လေကာပင်တန်းများကို စနစ်တကျစိုက်ပျိုးပေးခြင်းအားဖြင့် ပြင်းထန်သောလေပြင်းဒဏ်ကို ကာကွယ်ပေးနိုင်ရုံသာမက မြေဆီလွှာတိုက်စားပျက်စီးခြင်းကိုပါ ထိရောက်စွာတားဆီးပေးနိုင်သည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးရေးကို ကျင့်သုံးခြင်းအားဖြင့် သစ်ပင်များ၏အမြစ်စနစ်က မြေဆီလွှာကို ခိုင်မြဲစွာဖမ်းဆုပ်ထားပြီး သစ်ရွက်ကြွေများမှ မြေကိုဖုံးအုပ်ကာကွယ်ပေးထားသဖြင့် မိုးရေကြောင့် မြေဆီလွှာတိုက်စားခြင်းကို တားဆီးနိုင်သည်။

ရာသီသီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးမည့်အစား နှစ်ရှည်သီးပင်စားပင်များကိုပါ စိုက်ပျိုးထားခြင်းဖြင့် တောင်သူများအတွက် တစ်နှစ်ပတ်လုံး ဝင်ငွေလမ်းကြောင်းများ ပိုမိုစုံလင်ခိုင်မာလာစေသည်။ ထို့ပြင် သစ်ပင်များ၏အရိပ်ပေးမှုနှင့် စိုထိုင်းဆကို ထိန်းညှိပေးမှုတို့ကြောင့် ပြင်းထန်သော နေရောင်ခြည်ဒဏ်နှင့် မိုးခေါင်ရေရှားမှုဒဏ်ကို သိသာစွာ သက်သာစေသည်။ ကြီးထွားလာသောသစ်ပင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူသိမ်းဆည်းပေးခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုကို လျော့ကျစေသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သကဲ့သို့ စီးပွားရေးအရလည်း တွက်ခြေကိုက်သည့် အလွန်အကျိုးရှိသော စိုက်ပျိုးရေးစနစ်ကောင်းတစ်ခုဖြစ်သည်။ ။

> **➤ ဂေဟစနစ်စိုက်ပျိုးရေးကိုကျင့်သုံးခြင်းအားဖြင့် မြေဆီလွှာကျန်းမာစေပြီး အာဟာရဓာတ်များကို ရေရှည်တည်တံ့စေသောကြောင့် နောင်အနာဂတ်တွင်လည်း စိုက်ပျိုးထုတ်လုပ်မှုမကျဆင်းစေရန် အထောက်အကူပြု . . .**
>
> **➤ ဈေးကြီးပေးဝယ်ရသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဝယ်ယူရသည့် စရိတ်များစွာကိုလည်း လျော့ကျစေသည့်အပြင် ဓာတုအဆိပ်အတောက်ကင်းစင်သော သီးနှံများကို ထုတ်လုပ်နိုင်သည့်အတွက် ဈေးကွက်အလားအလာကောင်းများရှိရုံမျှမက စားသုံးသူများ၏ကျန်းမာရေးကိုပါ အထောက်အကူပြု . . .**

> **➤ ပြည့်ဝဖူလုံမှုရှိသည့်စိုက်ပျိုးရေးကို ကျင့်သုံးခြင်းအားဖြင့် ပြင်ပမှဓာတုပစ္စည်းများနှင့် သွင်းအားစုများအပေါ် မှီခိုနေရမှုကိုလျော့ပါးစေပြီး အစားအစာ၊ ရေနှင့်စွမ်းအင်တို့ကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်နိုင်စွမ်းကို တိုးတက်စေ . . .**
>
> **➤ သီးနှံသစ်တောရောနှောစိုက်ပျိုးရေးကို ကျင့်သုံးခြင်းအားဖြင့် သစ်ပင်များ၏ အမြစ်စနစ်က မြေဆီလွှာကို ခိုင်မြဲစွာဖမ်းဆုပ်ထားပြီး သစ်ရွက်ကြွေများမှ မြေကိုဖုံးအုပ်ကာကွယ်ပေးထားသဖြင့် မိုးရေကြောင့် မြေဆီလွှာတိုက်စားခြင်းကိုတားဆီးနိုင် . . .**

## ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

အမိန့်ကြော်ငြာစာအမှတ် ၁၄၃ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို **စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေပြည်တော်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပသည်။

အစည်းအဝေးတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏သိပ္ပံနှင့်နည်းပညာဆိုင်ရာစိတ်ဝင်စားမှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အနာဂတ်ပညာရေးအခွင့်အလမ်းများ တိုးတက်လာစေရေးကိုအဓိကထားပြီး လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြန်မာအာကာသအရေးပေါ်စီမံညွှန်ကြားရေးမှူး ဒေါက်တာသန်းအောင်ထိုးက အခြေခံပညာအဆင့် အာကာသပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ တက်ရောက်လာသည့်နေပြည်တော်



ကောင်စီဝင်များနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

**ဥတ္တရခရိုင်(ပြန်/ဆက်)**

## ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်တွင် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၄) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် စည်ပင်ဧည့်ရိပ်သာ (၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဂုံမင်းအင်းကျေးရွာ၊ ရှားတောကျေးရွာနှင့် အလျင်လိုကျေးရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**မြဝတီ**

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး



ဖလမ်း နိုဝင်ဘာ ၄

ကလေးမြို့အမျိုးသမီးအိမ်တွင်းမှ သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှဝန်ထမ်းများ၊ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများအား ယမန်နေ့မွန်းလွဲပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းကျော်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဧနီး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့်ဧနီးတို့က နိုဝင်ဘာလ ၃ ရက်နေ့ ညပိုင်းတွင် CROWNE PLAZA HOTEL ခန်းမ၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းကျွေးခဲ့သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူဧနီးဒေါ်နီလာကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စစ်ဦးစီးဌာနအကြီးအကဲနှင့်ဧနီး၊ လာအိုပြည်သူ့တပ်မတော်မှအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဧနီးတို့သည်ညစာစားပွဲကျင်းပရာနေရာသို့ ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲနှင့် ဧနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကို ကျင်းပပြုလုပ်ရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့က တေးသံသာများ၊ အကပဒေသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင် အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဧနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဧနီး ဒေါ်နီလာ ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။**





▼ **ကျောဖုံးမှအဆက်**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ထံစိန်သုံးလုံးစက်ရုံပိုင်ရှင်က မြေြဧအိတ် ၃၀၀ ကို ပေးအပ်လျှဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စက်ရုံဖွင့်ပွဲ၌ ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားနှင့်ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဘားအံစက်မှုဇုန်သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ မဟာမဲခေါင်ဒေသ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိခြင်း၊ ပြည်နယ်အစိုးရက စက်ရုံ၊ အလုပ်ရုံများ ကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နိုင်ရန် Infrastructure ပိုင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ ရေရရှိရေးအစရှိသည့် လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးထားခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာသော စက်မှုဇုန်တစ်ခုဖြစ်ပြီး တည်ဆောက်ဆဲစက်ရုံ၊ အလုပ်ရုံ ၃၆ ရုံနှင့် စက်ရုံ၊ အလုပ်ရုံပေါင်း ၆၃ ရုံ လုပ်ငန်းလည်ပတ် လျက်ရှိကာ ဒေသခံပြည်သူ ၉၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°C | / | ၃၅°C |
| ရန်ကုန် | ၂၅°C | / | ၃၆°C |
| မန္တလေး | ၂၄°C | / | ၃၄°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဝိုးတန်ရေချိုကို ချွေတာကြပါစို့**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား၊ ဗီယင်ကျန်းမြို့ရှိ အထင်ကရနေရာများအား သွားရောက်လေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီးဒေါ်နီလာကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးသို့ ရောက်ရှိကြရာ စစ်သံမှူးနှင့်တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင်သင်တန်းသားများအားတွေ့ဆုံရာဦးစွာ စစ်သံမှူး၊ စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ-လာအိုနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများရှိခဲ့ကြောင်း၊ ထို့အပြင် အာဆီယံ





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ
မြန်မာစစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

---

# အယ်လ်နီညိုရာသီဥတုဒဏ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် တောင်သူအသိပညာပေးဟောပြော

**မြဝတီ နိုဝင်ဘာ ၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်အယ်လ်နီညိုရာသီဥတုဒဏ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက်တောင်သူအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရန့်၊ ဝန်ထမ်းများက အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကိုလိုအပ်သလောက်သာ ချွေတာသုံးစွဲကြရန်၊ ရေကိုအလေအလွင့်နှင့် ဆုံးရှုံးမှုများမရှိစေရန်နှင့် ကန်ရေ၊ တွင်းရေများကို စနစ်တကျထိန်းသိမ်းစုဆောင်းကာကွယ်ထားကြရန်၊ သောက်သုံးရေများကိုကြိုတင်စုဆောင်းထားရှိကြရန်နှင့် ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းထားရှိရန် အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ချမ်းမြေ**

➡ **ရှေ့ဖုံးမှအဆက်**

ညွှန်ကြားရေးမှူးရုံး၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ၌ အကြိမ်(၁၅၀)မြောက်နှင့် အတွဲ(၃၀၀) ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင်ရွက်ခဲ့ကြသဖြင့် ခွဲစိတ်ကုသမှုအောင်မြင်ပြီး လူနာနှင့်ကျောက်ကပ်အလှူရှင်များ၏ ခွဲစိတ်ပြီးကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းနှင့် လိုအပ်သည့် ဆေးဝါးကုသပြုစုမှုများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ကုသပေးလျက်ရှိသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများအား နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ အောင်ပန်းမြို့တို့ရှိတပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ခွဲစိတ်ကုသပေးခြင်းဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းကို အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ၂၀၁၆ ခုနှစ်ဩဂုတ်လ ၈ ရက်နေ့တွင် ပထမဆုံးအကြိမ်စတင်ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့ခွဲစိတ်မှုအပါအဝင် အတွဲပေါင်း (၃၀၀) ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ
ဗီယင်ကျန်းမြို့ရှိ That Luang ဘုရားကျောင်းရှိ ဗုဒ္ဓဆင်းတုတော်များအား ဖူးမြော်ကြည်ညိုစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး
ဒေါ်နီလာ လာအိုဗုဒ္ဓဘာသာအသင်း ဗဟို၏ဥက္ကဋ္ဌနှင့်
လာအိုနိုင်ငံ သံဃရာဇာဘုန်းတော်ကြီး Maha Ahjan Yai Mahaved
Masenai အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ဗီယင်ကျန်းမြို့ရှိ That Luang
ဘုရားကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များ၏ ဗိသုကာအနုပညာလက်ရာများ
လာအိုဘုရင်ဟောင်းများ၏ရုပ်တုများအား စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လေ့လာကြည့်ရှုကြစဉ်။

အဖွဲ့သို့ တစ်ချိန်တည်းဝင်ရောက်ခဲ့ကြသည့်နိုင်ငံများဖြစ်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်ရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းအပြင် မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့် ခလေ့ထုံးစံများများစွာတူညီကြပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် ချစ်ကြည်ရင်းနှီးမှုဖြင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည့် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူရသည့် ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရာတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာတာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ စစ်သံရုံးသည် နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် သံတမန်အရ အထောက်အကူပြုနိုင်ရန်နှင့် တပ်မတော်အချင်းချင်း ဆက်ဆံမှုတွင်အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်သဖြင့် တာဝန်ပေးအပ်ရာတွင်လည်း အရည်အချင်း၊ စိတ်ဓာတ်စည်းကမ်းအရ အဆင့်ဆင့်စိစစ်၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ အမှုထမ်းနိုင်သူများကို ရွေးချယ်တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်ပတွင်တာဝန်ထမ်းဆောင်ခွင့်ရခြင်းဖြင့် သားသမီးများ၏ ပညာရေးနှင့် အသိအမြင်ကျယ်ကျယ်ပြန့်ပြန့်မြင့်တင်ပေးနိုင်မည်ဖြစ်၍ အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း။

သင်တန်းသားများအနေဖြင့် တပ်မတော်၏ အနာဂတ်လူစွမ်းအားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်၍ သင်ယူနေသော ဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ်လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ထိရောက်စွာပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံအတွက် အားကိုးရသည့် သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် တာဝန်ထမ်းဆောင်ချိန်နှင့် သင်တန်းကာလတစ်လျှောက်တွေ့ကြုံရသည့် နိုင်ငံတကာဆက်ဆံရေးအတွေ့အကြုံကောင်းများကို ကောင်းမွန်စွာရရှိရေး လေ့လာသင်ယူသွားရန်လိုကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် စည်းကမ်းများကိုလည်း တိကျစွာလိုက်နာစောင့်ထိန်းရန်နှင့် ၎င်းတို့၏ ဘာသာ၊ ယဉ်ကျေးမှု စံနှုန်းများကိုသိရှိပြီး လေးစားတန်ဖိုးထားကြရန်လည်းလိုကြောင်း၊ မိမိဘာဝအတွက်၊ မိမိလူမှုအဖွဲ့အစည်းအတွက်နှင့် မိမိတပ်မတော်အတွက် ပတ်ဝန်းကျင်မှ ကောင်းမွန်သော အလေ့အထများကို အတုယူကျင့်ကြံသွားရန်လိုကြောင်း၊ နေထိုင်စဉ်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကို ကျွမ်းကျင်အောင်လေ့ကျင့်သင်ယူသွားရန်နှင့် ခလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကို သိရှိအောင်လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့်တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျနေထိုင်သွားကြရန်လိုကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုအပေါ် သစ္စာစောင့်သိကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ That Luang ဘုရားကျောင်းသို့သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်းအတွင်းရှိရှေးဟောင်းဗုဒ္ဓဆင်းတုတော်များ၏ ဗိသုကာအနုပညာလက်ရာများ၊ လာအိုဘုရင်ဟောင်းများ၏ ရုပ်တုများအား စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးပြီး ဘုရားကျောင်းဘက်စုံပြုပြင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်း ဗိသုကာလက်ရာများနှင့် ဗုဒ္ဓဆင်းတုတော်များကိန်းဝပ်စံပယ်ရာ Wat Si Saket ဘုရားကျောင်းသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် လာအိုဗုဒ္ဓဘာသာအသင်း ဗဟို၏ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာဘုန်းတော်ကြီး Maha Ahjan Yai Mahaved Masenai အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကျောင်းဝင်းအတွင်းရှိရှေးဟောင်းပိဋကတ်တိုက်အတွင်း ပေစာနှင့် ကျမ်းစာများစနစ်တကျထိန်းသိမ်းထားရှိမှုနှင့်လာအိုနိုင်ငံ၏ ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာလက်ရာများနှင့် သမိုင်းဝင်အမွေအနှစ်များကို လှည့်လည်ကြည့်ရှုလေ့လာကြကြောင်းသတင်းရရှိသည်။ (၁၀၀)

---

# ပဲခူးမြို့၌ ဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြစခန်း(ရွှေတန်) စတင်အကောင်အထည်ဖော်ဆောင်ရွက်



ပဲခူး နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြစခန်း(ရွှေတန်) စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ် ရွှေတန်ကျေးရွာအနီး၌ ဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြစခန်း(ရွှေတန်) စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ နွားမွေးမြူရေး၌၊ ငါးမွေးမြူရေးကန်များနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ ဖော်ထုတ်ဆောင်ရွက်သွားမည့်အခြေအနေများအား လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းစဉ်တစ်ခုချင်းအလိုက် စနစ်တကျအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တိရစ္ဆာန်မွေးမြူရေးမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြစခန်း(ရွှေတန်) အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြက်မွေးမြူမည့်ကြက်ခြံတည်ဆောက်လျက်ရှိမှုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြက်မွေးမြူရေးလုပ်ငန်းများ အမြန်ဆုံးစတင် မွေးမြူနိုင်ရေး ဆောင်ရွက်ရန်နှင့် ဧဝလုံခြုံရေးအားအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်ဦးအောင်မျိုးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းမှဝန်ထမ်းများ တို့ဆုံသည်။


တို့ဆုံစဉ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်ဆိုင်ရာအချက်အလက်များအား လည်းကောင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များအား လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ယည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ငွေများပေးအပ်ကာ ဗဟိုလေ့ကျင့်ရေးကျောင်းဝင်းအတွင်းရှိသင်တန်းခန်းမ၊ကွန်ပျူတာစာသင်ခန်း၊ သင်တန်းသူအိပ်ဆောင်၊ ငွေနှင်းမှိုစိုက်ပျိုးထားရှိမှု၊ ပျိုးဥယျာဉ်၊ Green House များတွင် ရာသီသီးနှံပင်များစိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိရာ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ၊ ယန္တရားကြီးများနှင့် ထောက်ပံ့ပစ္စည်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်းရှိယာဉ်၊ ယန္တရားကြီးများ ကြံခိုင်မှုနှင့်ထိန်းသိမ်းထားရှိမှု၊ ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မိုးလေဝသ သတင်း




## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/၈၁)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ် သည့် ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို Naypyitaw State Polytechnic University ရှိ ဘောလုံးကွင်း၊ Recreation Centre (RC)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI)တို့တွင် သက်ဆိုင်ရာအားကစားနည်းအလိုက်ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအသင်းများ




အလိုက်အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မကွေးဇုန်ကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲတွင် မန္တလေးဇုန်က နေပြည်တော်ဇုန်ကို ၅ ဂိုး ၄ ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က နေပြည်တော်ဇုန်ကို ၃ ပွဲ-၂ ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးဇုန်က ရှမ်းဇုန်ကို ၄ ပွဲ - ၁ ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်အတွဲလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်း(၂)ဇုန်က မန္တလေးဇုန်ကို ၃ပွဲ-၂ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးဇုန်က ဧရာဝတီဇုန်ကို ၂ပွဲ-၁ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က ရန်ကုန်ဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ဧရာဝတီဇုန်ကို ၂ပွဲ-၁ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ရန်ကုန်ဇုန်ကို ၂ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ဧရာဝတီဇုန်ကို ၂ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားအဖွဲ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မန္တလေးဇုန်ကို ၂ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးအဖွဲ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မန္တလေးဇုန်ကို ၂ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားအဖွဲ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မန္တလေးဇုန်ကို ၂ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးအဖွဲ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မန္တလေးဇုန်ကို ၂ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အားကစားသမားကောင်းဆုကို ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ရခိုင်ပြည်နယ်ကို ၂-၀ ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ရခိုင်ပြည်နယ်ကို ၂-၀ ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ရခိုင်ပြည်နယ်ကို ၂-၀ ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်း(၂)ဇုန်က ရခိုင်ပြည်နယ်ကို ၃ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ရခိုင်ပြည်နယ်ကို ၂ပွဲ-၀ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ရခိုင်ပြည်နယ

# ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများဆက်လက်လျှော့ချ။ ပတ်ဝန်းကျင် ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

ဧရာဝတီတိုင်း ဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာလ ၄ ရက်နေ့ညနေပိုင်းတွင်တမံရှိရေ ၂၉၅ ဒသမ ၁၀ ပေသာကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၉၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိကျေးရွာများမှဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချိုန္တယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့်ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် (ဒုတိယအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၄

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်းသတင်း ရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင်နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/၈၀)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ မျိုးချစ်ခေါင်းဆောင်ကြီးများ၊ နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ် ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှတစ်ဆင့် အနာဂတ်ကာလများတွင်နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များ ကျောင်းပြင်ပအသိပညာဗဟုသုတ များစွာရရှိစေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင်တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့်စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင်ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့်ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–



“စစ်သမိုင်းပြတိုက်ကို လေ့လာရတဲ့အတွက် အဓိကအားဖြင့်တော့ ကျွန်တော်တို့ တပ်မတော်ကြီးရဲ့ သမိုင်းအစဉ်အလာအရ ဖြစ်ပေါ်လာတဲ့ပုံတွေ အရေးပါတဲ့ သမိုင်းမှတ်တမ်းမှတ်ရာတွေကို လက်တွေ့ရော၊ စာတွေ့ရော လေ့လာခဲ့ရပါတယ်ခင်ဗျာ။ အဆောင်တွေခွဲပြီးတော့ ပြသထားတဲ့ ပြခန်းတွေဆီရောက်တယ်။ ကျွန်တော်တို့မသိသေးတဲ့ အရာတွေကိုလည်း ဗဟုသုတအနေနဲ့ ရှင်းပြပေးပါတယ်။ ဒီလိုမျိုး ကျောင်းသားတွေ အများကြီးကို ဖိတ်ခေါ်ပြီးတော့ လေ့လာခိုင်းတဲ့အတွက်လည်း အလွန်ကိုကျေးဇူးတင်ပါတယ်”ဟုပြောသည်။

“ကျွန်မတို့ဒီမြန်မာနိုင်ငံရဲ့သမိုင်းကြောင်းတွေလည်းသိရတယ်။ ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့တဲ့သူတွေ မြန်မာနိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းခဲ့တဲ့သူတွေအတွက်လည်း အားလုံးကို လေ့လာခွင့်ရတဲ့အတွက် အရမ်းဝမ်းမြောက်မိပါတယ်။ သမီးလေ့လာခဲ့တာဆိုလို့ ရှိရင် လက်နက်တွေ၊ လေယာဉ်ပျံ



ကြီးတွေ ဒီထဲမှာပြသခဲ့တဲ့ ရုပ်ရှင်လည်းကြည့်ခဲ့ရတယ်။ ဒီသမိုင်းပြတိုက်မှာရှိတဲ့တာဝန်ရှိသူတွေရော ဆရာ၊ ဆရာမတွေရော လိုက်ပို့ပေးတဲ့သူတွေရော ပို့ဆောင်ပေးတဲ့သူတွေအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုမျိုးလေ့လာခွင့်ရတဲ့အတွက်လည်း အရမ်းကို ဂုဏ်ယူမိပါတယ်”ဟု ပြောသည်။ (၁၀၀)

**▲ အလေးမပြိုင်ပွဲမှ**

အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

အဆိုပါအလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဟန်ဝင်းအောင်၊ ဦးဖြိုးဇော်ဝိုး၊ ဦးမျိုးကျော်သူ၊ ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲစဉ်များအဖြစ်အမျိုးသား ၈၅ ကီလိုတန်း၊ ၉၅ကီလိုတန်းနှင့် +၉၅ ကီလိုတန်း အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှမဓေနော်အယ်ကညောဂျော့၊ အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသည့်မကွေးတိုင်းဒေသကြီးအသင်းမှ မောင်ထက်အာကာဖြိုး၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊အမျိုးသမီးအလေးမပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စုပေါင်းပြိုင်ပွဲများ၌ စံချိန်သစ်များတင်နိုင်ခဲ့သည့် အားကစားသမားများနှင့် အမျိုးသမီး ၆၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလား (Trophy)နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသမီး ၆၉ ကီလိုတန်းပြိုင်ပွဲတွင်ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် အားကစားသမားများ၊ အမျိုးသမီး ၇၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများ၊ အမျိုးသား ၈၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများ၊ အမျိုးသား ၉၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများ၊ အမျိုးသား +၉၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများနှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲတွင် ရမှတ် ၁၅၉ မှတ်ဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယနေရာ ဧရာဝတီတိုင်းဒေသကြီးအသင်းမှမောင်ထက်အာကာဖြိုး၊ တတိယနေရာ ချင်းပြည်နယ်အသင်းမှ ဇိုဝါသန်းမောင်၊ အမျိုးသား၊အမျိုးသမီးအလေးမပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စုပေါင်းပြိုင်ပွဲများ၌ စံချိန်သစ်များတင်နိုင်ခဲ့သည့် အားကစားသမားများနှင့် အမျိုးသမီး ၆၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလား (Trophy)နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။



# မန်ချက်စတာယူနိုက်တက်အသင်း ဒုတိယပိုင်း သွင်းဂိုးများဖြင့် ရိုးမားအသင်းကိုအနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၄**

ချန်ပီယံလိဂ်ပြိုင်ပွဲပွဲစဉ်(၄)အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ရိုးမားအသင်းတို့ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့ Old Trafford ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက ဒုတိယပိုင်းသွင်းဂိုးများဖြင့် ရိုးမားအသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက်အပြန်အလှန်တိုက်စစ်မြှင့်ကစားခဲ့ကြပြီး ရိုးမားအသင်းအတွက် ပွဲကစားချိန် ၁၁ မိနစ်တွင် မာတီယာဆူးလ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၁၈ မိနစ်တွင် ဒွန်ယဲလ်မာလန်က ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် ရိုးမားအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်း ကစားပုံပိုမိုကောင်းမွန်လာခဲ့ပြီး ပွဲကစားချိန် ၅၈ မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်က ပယ်နယ်တီမှတစ်ဆင့် မန်ချက်စတာယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၈၃ မိနစ်နှင့် ၈၆ မိနစ်တို့တွင် မားတီးယပ်စ်ကွန်ညာက သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ရိုးမားအသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲပွဲစဉ်(၅)အဖြစ် နိုဝင်ဘာလ ၂၆ ရက်တွင် စပို့တင်းလစ္စဘွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ZMO**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် Volleyball For School Program အရကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဘက်စုံသုံး အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက်တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြေပ်နှင့် ဒိုင်လူကြီးများ၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆု၊ အမျိုးသားအကောင်းဆုံးအားကစားသမားဆု၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့်အလုံခရိုင်အသင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် လှည်းကူးခရိုင်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မော်ဘီခရိုင်အသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးများက ဆုကလပ်များ၊ တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက်အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် တွံတေးခရိုင်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် တွံတေးခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်ကတစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**

**■ အာရှအမျိုးသမီးမှ**

ဧရာဝတီယူနိုက်တက်အသင်းသည် ပထမနေ့နာဂိုရန်းအသင်းနှင့်ယှဉ်ပြိုင်ခဲ့သည့်ပွဲထွက်လူစာရင်းကို ခြောက်ဦးအထိအပြောင်းအလဲပြုလုပ်ပြီး ပြည်ပကစားသမားသုံးဦးထည့်သွင်းကာ အမာခံကစားသမားများဖြင့်ပွဲထွက်လာသည်။

ပထမပိုင်းပွဲစသည်နှင့် ကိုဘေး(ဂျပန်)အသင်းက ဘောလုံးပိုင်ဆိုင်မှုရယူကာ ပွဲကိုစိတ်ကြိုက်ပုံဖော်ကစားခဲ့သလို ဧရာဝတီယူနိုက်တက်အသင်းကလည်း ယနေ့ပွဲတွင် ဂိုးအများကြီးမပေးရဖို့ အကောင်းဆုံးပုံစံဖြင့်ကစားခဲ့သည်။

ပထမပိုင်းအပြီးတွင် ကိုဘေး(ဂျပန်)အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ကိုဘေး(ဂျပန်)အသင်း သေချာသောနိုင်ပွဲဖြစ်ဖို့ လူစားလဲမှုများပြုလုပ်ပြီး တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲကစားချိန် ၄၈ မိနစ်တွင် ချီဆာတို မီနိုဝါက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

ဧရာဝတီ ယူနိုက်တက်အသင်းသည် ချေပဂိုးရဖို့ ကြိုးစားခဲ့ပေမယ့် တိုက်စစ်အားကောင်းသည့်ကိုဘေး(ဂျပန်)အသင်းရဲ့ ကစားကွက်အောက်တွင်သာ ယှဉ်ပြိုင်ခဲ့ရသည်။

ပွဲကစားချိန် ၆၆ မိနစ်၆၀ နောက်ပိုင်း ပြိုင်ဘက်အသင်း၏တိုက်စစ်ကို ဧရာဝတီယူနိုက်တက်အသင်း အကောင်းဆုံးကာကွယ်ဟန့်တားနိုင်ခဲ့၍ ကိုဘေး(ဂျပန်)အသင်း ဂိုးထပ်မရခဲ့ဘဲ ၂ ဂိုး ဂိုးမရှိဖြင့် ပြိုင်ပွဲပြီးဆုံးခဲ့သည်။

ဧရာဝတီယူနိုက်တက်အသင်းသည် မိမိအသင်းထက်သာလွန်သည့်အာရှဇာတ်အားကြီးအသင်းတစ်သင်းကို အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့သော်လည်း ယနေ့ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည့် အတွက် အုပ်စုတတိယနေရာဖြင့် နောက်တစ်ဆင့် တက်လှမ်းဖို့ အခွင့်အရေးနည်းပါးသွားပြီဖြစ်သည်။

ဧရာဝတီယူနိုက်တက်အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာလ ၇ ရက်တွင် ဘမ်ခါတွန်(အီရန်) အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဝန်းရံခ**

**❐ ဘိလိယက်မှ**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဒ္ဒ ကျင်းပလျက်ရှိသည်။

ယနေ့ပွဲစဉ်များအဖြစ်အမျိုးသား၊ အမျိုးသမီး စနူကာ 6-Red၊ စနူကာ 15-Red နှင့် 9 Ball Pool ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ကောင်းဇံထက်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းကို သုံးပွဲတစ်ပွဲရလဒ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်ဇာ မန္တလေးတိုင်းဒေသကြီးအသင်းမှမာန်ဟိန်းကျော်ကို သုံးပွဲတစ်ပွဲရလဒ်ဖြင့်လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်ကို လေးပွဲတစ်ပွဲရလဒ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်ကို လေးပွဲနှစ်ပွဲရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထို့အတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခေါန်ဆန့်က မွန်ပြည်နယ်အသင်းမှ ဝင်းမာလာအောင်ကို ငါးပွဲသုံးပွဲရလဒ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဝါဝင်းက မွန်ပြည်နယ်အသင်းမှ သန္တာတိုးအောင်ကို ငါးပွဲနှစ်ပွဲရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၅ ရက် နံနက် ၁၀ နာရီမှစတင်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မြဝတီ**

MYAWADY IN ENGLISH DAILY EDITION

# Commander-in-Chief of Defence Services General Ye Win Oo pays courtesy call on Prime Minister of Lao People's Democratic Republic

**NAY PYI TAW November 4**

Commander-in-Chief of Defence Services General Ye Win Oo, who was on a goodwill visit to Lao People's Democratic Republic, paid a courtesy call on Prime Minister of Laos H. E. Mr. Saleumxay Kommasith at the Prime Minister's Office in Vientiane this morning.



General Ye Win Oo shakes hands with Prime Minister of Laos H. E. Mr. Saleumxay Kommasith.

Also present at the call together with the Commander-in-Chief of Defence Services were senior military officers from the Office of the Commander-in-Chief, the Myanmar Ambassador to Laos, the Myanmar Military Attache (Army, Navy and Air). The LPDR Prime Minister was accompanied by officials of the Ministry of National Defence of Laos and senior military officers of Lao People's Army.

At the call, deepest congratulations on the Prime Minister's election to the current position on 5 October were expressed and the Myanmar President's cordial talks with the President of LPDR, the Prime Minister, and the National Assembly President on issues that would benefit both countries during his official visit to Laos in July and the signing of MoUs that would yield better results were recounted. Both sides then cordially exchanged views on peace and stability at the common border areas, promotion of border trade into regional trade, deepening of friendship and cooperation between the governments and armed forces of the two countries, sincere and cordially relations between the two good neighbours and friendly countries based on mutual understanding and friendship during the 71 years of diplomatic relations, Myanmar's expression of its gratitude to Laos for sending relief and rescue teams and aids for victims on humanitarian grounds during the Mandalay earthquake occurred on 28 March 2025, the Myanmar government's energetic anti-online scam and gambling operations by upgrading the Central Supervisory Committee on Combating Telecom Fraud and Online Gambling into a national level organization on 10 December 2025, bilateral cooperation for peace and stability, life safety, and economic development of ethnic peoples of the border areas, protecting the labour rights of the workers at the common border, Myanmar's abidance of the five principles of peaceful co-existence, while maintaining its goodwill relations with its neighbours, the practical efforts of the democratically elected government to realize the people's wishes, which is the current development of the country, Lao support for all-round development undertakings of Myanmar that is achieving peace, stability and progress under the leadership of the government, and the Tatmadaw's safeguarding of Our Three Main National Causes as a national task under the leadership of the government.



Commander-in-Chief of Defence Services General Ye Win Oo pays a courtesy call on Prime Minister of Laos H. E. Mr. Saleumxay Kommasith.

After the meeting, the Commander-in-Chief of Defence Services presented a commemorative gift to the Prime Minister of Laos.

On arrival at the Lao People's Army History Museum, General Ye Win Oo and his Myanmar Tatmadaw goodwill delegation were welcomed by officials.

First, the General and party viewed historical heritages including arms, ammunition, military uniforms and equipment, communication sets used during the war in Laos, documentaries on the Laotian leaders of the historic battles, and records of the military heroes who fourth with valor, displayed at the museum, with keen interest. Officials gave them a guided tour and brief explanations as the visitors asked questions and discussed points of interest. The Commander-in-Chief of Defence Services signed the visitor's book, presented gifts and posed for documentary photos.

The museum was established in 1976. It systematically displays historical records of military heroes who fell during the battles for independence and national liberation of Laos and historical military equipment. **100**



General Ye Win Oo hears a report on displays of the Lao People's Army History Museum.

# Commander-in-Chief of Defence Services General Ye Win Oo meets staff of Myanmar Military Attaché Office in Laos and scholarship trainees, visits landmarks in Vientiane

**NAY PYI TAW November 4**

Commander-in-Chief of Defence Services General Ye Win Oo, who is currently on a goodwill visit to the Lao People's Democratic Republic, accompanied by his wife Daw Nilar, senior military officers from the Office of the Commander-in-Chief, and responsible officials, arrived at the Myanmar Military Attaché (Army, Navy and Air) Office in Vientiane this afternoon. They were welcomed by the Military Attaché and officials.

Next, during the meeting with the staff of the Myanmar Military Attaché Office and scholarship trainees, the Military Attaché, office staff, and trainees first introduced themselves individually.

Following this, the Commander-in-Chief of Defence Services delivered remarks, stating that Myanmar and Laos are good neighbours whose leaders have shared longstanding friendly and close relations. Furthermore, both countries joined ASEAN at the same time and consistently stand by and support each other. He added that the two nations share many similarities in culture and traditions, and maintain friendly, close, and cooperative partnership ties. He highlighted the need for personnel to dutifully carry out their assigned responsibilities in defending and promoting the nation's political, economic, and national interests in their respective sectors. Because military attaché offices play an essential role in supporting inter-state diplomatic relations as well as bilateral military ties, personnel are selected and assigned through tiered vetting based on qualification, morale, and discipline to ensure loyalty in serving the State and the Tatmadaw. He also mentioned that serving abroad provides an opportunity to broaden their children's education and horizons, and this opportunity should be utilized productively.

Addressing the trainees, he stated that they represent an investment in the future human resources of the Tatmadaw, emphasizing the need to master the language they are studying. He urged them to take their studies seriously, apply continuous effort, and effectively utilize the acquired knowledge and technical skills toward national development and bilateral cooperation sectors. He advised them to strive to become dependable assets for the country and to gain valuable insights from

SEE PAGE - 23



Commander-in-Chief of Defence Services General Ye Win Oo pays homage to the Buddha image at the Wat Si Saket temple.



Commander-in-Chief of Defence Services General Ye Win Oo makes cash donations for the all-round renovation of the That Luang temple in Vientiane.



Commander-in-Chief of Defence Services General Ye Win Oo presents gift for families of the Military Attaché Office and scholarship trainees.



Commander-in-Chief of Defence Services General Ye Win Oo meets staff of Myanmar Military Attaché Office in Laos and scholarship trainees.

# Commander-in-Chief of Defence Services General Ye Win Oo attends dinner in his honour hosted by Lao Deputy Minister for National Defence and Chief of General Staff Department




Lao Deputy Minister of National Defence and Chief of the General Staff Department Lieutenant General Saichay Kommasith delivers speech at the dinner attended by Commander-in-Chief of Defence Services General Ye Win Oo and Myanmar Tatmadaw goodwill delegation members.

**NAY PYI TAW November 4**

Deputy Minister for National Defence and Chief of the General Staff Department of the Lao People's Democratic Republic Lieutenant General Saichay Kommasith and wife hosted a dinner in honour of the Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services General Ye Win Oo and his wife at the hall of the CROWNE PLAZA HOTEL on the evening of 3 November.

The dinner was attended by the Commander-in-Chief of Defence Services together with his wife Daw Nilar, senior military officers from the Office of the Commander-in-Chief and the Myanmar Military Attache (Army, Navy and Air), The Lao Deputy Minister and Chief of the General Staff Department was accompanied by his wife, senior officers from the Lao People's Army and officials.

First, the General and his wife arrived at the venue of the dinner, where they were welcomed and greeted by the Deputy Minister of National Defence of Laos and the Chief of the General Staff Department and his wife.

A dinner was subsequently held, during which the Lao Deputy Minister of National Defence and Chief of the General Staff Department delivered welcoming remarks, and the Commander-in-Chief of Defence Services responded with words of appreciation. They then enjoyed the dinner together. Before and during the dinner, the cultural troupe of the Lao People's Army entertained the guests with musical performances and dances.

After the dinner, the General and wife presented the flower basket to the cultural troupe of the Lao People's Army and posed for documentary photos.

**100**

**FROM PAGE - 22**

international relations throughout their service and study period. He further stressed the importance of strictly abiding by local laws and regulations, understanding and respecting the host country's religious and cultural norms, and emulating positive social habits for the benefit of their own lives, community, and the military. He urged them to live systematically and uphold the dignity of the State and the Tatmadaw by learning the local language, customs, traditions, and laws during their stay, remaining loyal to the State, the Tatmadaw, and their families out of patriotism, alongside giving other necessary guidance.

Afterward, the Commander-in-Chief of Defence Services presented foodstuffs and gift items to the families of the Military Attaché Office and trainees, which were accepted by relevant officials.

Subsequently, the Commander-in-Chief of Defence Services and his delegation paid homage at the That Luang temple in Vientiane, where they viewed the architectural craftsmanship of ancient Buddha images and the systematic preservation of statues of ancient Lao kings within the compound. The Commander-in-Chief then signed the guest book, made cash donations for the all-round renovation of the temple—for which officials issued a certificate of honor.

Next, the Commander-in-Chief of Defence Services and delegation visited Wat Si Saket, home to ancient architecture and Buddha images, where they paid homage. They paid respects to the President of the Central Buddhist Fellowship Organization of Laos and Sangharaja of Laos, Maha Ahjan Yai Mahaved Masenai, supplicated on religious affairs, and offered alms. Following this, they toured the compound, observing the systematic preservation of palm-leaf manuscripts and scriptures in the ancient Pitaka library, as well as Lao Buddhist art and historic heritage.

**100**

# Farmers plant maize and sweet corns in Kalewa Township

**KALEWA November 4**

Local farmers planted maize and sweet corns on 2,368 acres of croplands in Kalewa Township of Sagaing Region this year, according to the Township Agriculture Department.

In 2026-2027 monsoon cultivation season, the township authorities earmarked cultivation of 233 acres of maize and 2,546 acres of sweet corns, totalling 2,779. So far, local farmers have planted 158 acres of maize and 2,210 acres of sweet corns, totalling 2,368 acres of crops against the target cultivation.

This year, the Township Department of Agriculture has been providing grain maize and sweet corn farmers in Kalewa Township with training courses, field demonstrations, guidance on the early prevention of fall armyworm infestations, and education on integrated crop management practices, including the use of neem-based pesticides and ginger- and chili-based botanical pest control methods.

In Kalewa Township, maize yields exceed 50 baskets per acre, with a cultivation cost of about Ks-500,000 per acre. Sweet corn produces approximately 15,000 ears per acre, while the cultivation cost is more than Ks-500,000 per acre.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) underway

**NAY PYI TAW November 4**

In cooperation with neighbouring and regional countries, the government has been taking measures to completely eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security, and systematically carried out total eradication of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.


In doing so, demolition of two 6-storey illegal buildings used in online scams and gambling, left to be dismantled and being knocked down mechanically in Shwe Kokko (Part-II) completed up to 90 percent and 60 percent respectively today.





Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).




Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).




Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

Out of 63 buildings to be dismantled in Shwe Kokko (Part-II), detonation of four buildings and mechanical demolition of another four buildings have completed and the remaining 55 buildings are scheduled for systematic demolition.

The government has effectively cracked down on online scams and gambling as a national responsibility. **100**

# Kyaunggon Township exports up to 54,000 viss of dried chillies to Yangon Market

**KYAUNGGON November 4**

According to Daw San Htay, a produce brokerage operator from Kyaunggon Township, dried chillies weighing up to 54,000 viss were exported to the Yangon market from Kyaunggon Township, Ayeyawady Region.

Up to 54,000 viss of dried chillies were exported to Yangon from the township. During this period, dried chillies from the area were priced at Ks-185,000 per 10 viss.

"Over the past month, we exported up to 54,000 viss of dried chillies from Kyaunggon Township into the Yangon market. We primarily export local agricultural produce not only to other towns within Ayeyawady Region but also mainly to Yangon. The locally produced chillies from Kyaunggon Township are of high quality. Because the chillies are of good quality, demand for them is also rising. Currently, the price for dried chillies is up to Ks-185,000 per 10 viss," said Daw San Htay, a produce brokerage operator from Kyaunggon Township.

The export of high-quality dried chillies from Kyaunggon Township to the Yangon market has been providing employment and income opportunities for local farmers, laborers, traders, and brokerage operators.

**SMK**



# Summer sesame crop fully harvested in Yinmabin District this year crop season

**YINMABIN November 4**

According to records from the Yinmabin District Agriculture Department, the summer sesame planted during this year's summer growing season in Yinmabin District, Sagaing Region, has now been fully harvested on a hundred-percent acreage basis.

In Yinmabin District, during this year's summer growing season, summer sesame was planted on up to 3,504 acres. Harvesting of these summer sesame fields began in May this year, and to date, 100 percent of the acreage has been harvested, yielding over 18 baskets per acre.

"We planted only up to 3,504 acres of summer sesame in Yinmabin District during this year's summer growing season. All the planted sesame fields have now been fully harvested. We have also been working to promote the expansion of sesame cultivation, improve yields, and encourage farming using Good Agricultural Practices (GAP) techniques," said Daw Sandar Moe, District Head of the Yinmabin District Agriculture Department.

This year, the completion of summer sesame harvesting by township in Yinmabin District is as follows: 2,379 acres in Yinmabin Township, 888 acres in Salingyi Township, and 237 acres in Pale Township, totalling 3,504 acres.

This year, the relevant township agriculture departments have provided knowledge and training to summer sesame farmers in Yinmabin District on expanding sesame cultivation, farming techniques, GAP methods, using high-quality and pure seeds, and planting high-yield varieties.

Crops produced under the GAP system are of better quality, command higher prices, and can be sold not only in domestic markets but also exported to international markets compared to crops grown using other methods. Due to these benefits, farmers who adopt GAP practices are expected to gain greater profitability and see improvements in their socio-economic well-being. **SK**

# အမေရိကန်က အစ္စရေးသို့ ဒေါ်လာ ၄ ဘီလီယံဖိုး ထောက်ပံ့မှုရပ်ဆိုင်းမည်

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်အစိုးရအနေနဲ့ အစ္စရေးနိုင်ငံကို နှစ်စဉ်ပေးအပ်နေတဲ့ ဒေါ်လာ ၄ ဘီလီယံ တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများထောက်ပံ့ပေးမှုကို ရပ်ဆိုင်းသွားမှာဖြစ်တယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ငွေကိုမလိုအပ်ကြောင်းနဲ့ ဒီလိုမျိုးဆုံးဖြတ်ရတဲ့အကြောင်းရင်းက လက်ဝဲရောက်သူတွေအနေနဲ့ ဒီကိစ္စကိုအကြောင်းပြုပြီး ပြည်တွင်းမှာ အစိုးရအပေါ် လူထုက အပျက်သဘောမြင်လာအောင်လုပ်ဆောင်နေခြင်းကြောင့်ဖြစ်တယ်လို့ ထရမ့်ကဆိုပါတယ်။

"အမေရိကန်အနေနဲ့ အစ္စရေးကို ဘယ်သူမဆိုထက်ပိုအောင်ပေးပြီးပါပြီ။ သူတို့အနေနဲ့ နောက်ထပ်လိုအပ်တော့မှာလည်း မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ဒီလိုမျိုး လုပ်လိုက်ရပေမယ့် အစ္စရေးနိုင်ငံဆိုတာ ကြိုးစားရှင်သန်နိုင်စွမ်းမြင့်မားတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီကိစ္စကို နှစ်နိုင်ငံအစိုးရအချင်းချင်းလည်း ဆွေးနွေးပြီး သဘောတူထားပါပြီ" လို့ ထရမ့်ကပြောထားပါတယ်။ ဒီလို ထောက်ပံ့မှုရပ်ဆိုင်းခြင်းကို လာမယ့်နှစ်မှစပြီးအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

**Ref: RT**

# ထိုင်းဝန်ကြီးချုပ်က ပြန်လည်ဆန်းသစ်သော ထိုင်းနိုင်ငံအစီအစဉ်ကို ထုတ်ပြန်

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြန်လည်ဆန်းသစ်သော ထိုင်းနိုင်ငံဆိုတဲ့အစီအစဉ်ကို နိုဝင်ဘာလ ၄ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။ အဲဒီအစီအစဉ်မှာ စွမ်းအင်ဖူလုံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအခြေခံပြီး ပြည်တွင်းအုတ်မြစ်များကို ပိုမိုခိုင်မာအောင်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ဆိုပါတယ်။ တစ်ဖက်မှာလည်း ပိုမိုပွင့်လင်းပြီး အပြုသဘောဆောင်တဲ့ နိုင်ငံရေးယဉ်ကျေးမှုကိုလည်း အဆင့်မြှင့်တင်သွားမယ်လို့ ဆိုပါတယ်။

ကမ္ဘာကြီးမှာ မသေချာမရေရာမှုတွေ ပိုမိုများပြားလာတာနဲ့အမျှ ထိုင်းနိုင်ငံအနေနဲ့လည်း ကိုယ့်အားကိုယ်ကိုးနိုင်စွမ်းနဲ့ ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းကို တည်ဆောက်ရမှာဖြစ်တယ်လို့ ဝန်ကြီးချုပ်အနုတင်ချန်ဝီရာကူကပြောပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံအနေဖြင့် စွမ်းအင်ဖူလုံရေးကို အမျိုးသားရေး ဦးစားပေးကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်ပြီး ပြည်သူ့ဆိုလာစီမံကိန်းကိုလည်း အောင်မြင်အောင်အကောင်အထည်ဖော်သွားမယ်လို့ဆိုပါတယ်။ **Ref: Xinhua**



# အင်ဒိုနီးရှားမှာ သမ္မတဖုန်းလိုင်းကို ကြားဖြတ်နားထောင်မှုဖြစ်ပွား စစ်သည်အင်အား ၂၀၀၀၀ ကျော်ကို မြို့တော်မှာဖြန့်ကြက်ထား

**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားနိုင်ငံမှာ သမ္မတပရာဘိုဝိုဆူဘီယန်တိုရဲ့ဖုန်းလိုင်းကို ကြားဖြတ်နားထောင်မှုဖြစ်ပွားပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ရဲတပ်ဖွဲ့အကြီးအကဲနှစ်ဦးနဲ့ ရဲချုပ်ဟောင်းတစ်ဦးတို့ကို စုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်နေပါတယ်။ တစ်ချိန်တည်းမှာပဲ အင်ဒိုနီးရှားတပ်မတော်က စစ်သည်အင်အား ၂၀၀၀၀ ကျော်ကို မြို့တော်ဖြစ်တဲ့ ဂျကာတာမြို့မှာ ဖြန့်ကြက်ထားတယ်လို့ဆိုပါတယ်။

သမ္မတဖုန်းလိုင်းကို ကြားဖြတ်ပြီး နားထောင်တဲ့ကိစ္စမှာ နောက်ကွယ်ကပါဝင်သူက ရဲချုပ်ဟောင်းလစ်ယိစီဂစ်ပရာဘိုဝိုဖြစ်တယ်လို့စွပ်စွဲထားပါတယ်။ သူ့ကို လွန်ခဲ့တဲ့တစ်လကမှ သမ္မတရုံးအကြီးအကဲအဖြစ်ခန့်အပ်ခဲ့တာပါ။ အခုတော့ နိုဝင်ဘာလ ၄ ရက်မှာပဲ သူ့ကိုရာထူးမှထုတ်ပယ်လိုက်ပါတယ်။ လက်ရှိမှာ သမ္မတရုံးအတွင်းဝန်ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး အာရီယိုဝင်ဒူတိုမိုက လစ်ယိစီဂစ်ပရာဘိုဝိုနေရာမှာ ခေတ္တတာဝန်ယူထားပါတယ်။

ဂျကာတာမှာ စစ်သည်အင်အားများစွာ ဖြန့်ကြက်ချထားခြင်းက သမ္မတဖုန်းလိုင်းကိုကြားဖြတ်နားထောင်မှုနဲ့ ပတ်သက်မှုရှိ မရှိကိုတော့ တာဝန်ရှိသူများက အတည်ပြုထားခြင်းမရှိပါဘူး။ ဒါပေမဲ့ အင်ဒိုနီးရှားတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ မူဟမ်မတ်နက်က အမျိုးသားလုံခြုံရေးနဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စံပြုလုပ်ထုံးလုပ်နည်းအရ စစ်သည်များကို ဖြန့်ကြက်ချထားတာဖြစ်တယ်လို့ဆိုပါတယ်။

အခုလိုမျိုးဖြန့်ကြက်ချထားတဲ့စစ်သည်တွေထဲမှာ မရိန်းတပ်ဖွဲ့နဲ့ ရေတပ်တို့မှ စစ်သည်များအပြင် လေ့ကျင့်ရေးဌာနနဲ့ ရေတပ်စခန်းဌာနချုပ်တို့မှ စစ်သည်များလည်းပါဝင်ပါတယ်။ လက်ရှိစစ်ဆေးမှုအင်အား ၂၀၉၈၀ ကိုဖြန့်ကြက်ထားပြီး လိုအပ်လာမယ်ဆိုရင် နောက်ထပ်စစ်သည်အင်အား ၁၃၁၄၀ ကလည်း အဆင်သင့်အနေအထားမှာရှိပါတယ်လို့ ရေတပ်မှတာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ယာယန်ဆိုဖီယန်က ပြောထားပါတယ်။ တရားမဝင်ဖုန်းလိုင်းကိုကြားဖြတ်ပြီးနားထောင်ခြင်းခံရတဲ့အထဲမှာ အစိုးရအဖွဲ့မှ တာဝန်ရှိသူများလည်းပါဝင်တယ်လို့ သိရပါတယ်။

**Ref: AGC**

# ရုရှား၊ အမေရိကန် ခေါင်းဆောင်များနှင့် သုံးပွင့်ဆိုင်တွေ့ဆုံနိုင်ရန် တရုတ်စီစဉ်နေ

**ပေကျင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံက ရုရှားနဲ့အမေရိကန်တို့မှ ခေါင်းဆောင်များနဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုလုပ်ဆောင်နိုင်ဖို့အတွက် စီစဉ်လုပ်ဆောင်နေတယ်လို့ နိုဝင်ဘာလ ၄ ရက်မှာထုတ်ပြန်ထားပါတယ်။ အဓိကကတော့ ဒီလအတွင်း ရှန်ဇန်းမြို့မှာလုပ်မယ့် ဒေသတွင်းထိပ်သီးအစည်းအဝေးတစ်ခုဖြစ်တဲ့ APEC ညီလာခံရဲ့ ဘေးပန်းတွေ့ဆုံမှုမှာ ခေါင်းဆောင်သုံးဦးကြား ဆွေးနွေးနိုင်စေဖို့ဖြစ်ပါတယ်။ APEC အစည်းအဝေးကို နိုဝင်ဘာလ ၁၈ ရက်နဲ့ ၁၉ ရက်တို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ဟာ ဒီနှစ်ထဲမှာ နှစ်ကြိမ်တွေ့ဆုံထားပြီးပါပြီ။ ဒီဇင်ဘာလ ကျရင် မိုင်ယာမီမြို့မှာကျင်းပမယ့် G20 အစည်းအဝေးမှာလည်း ထပ်မံတွေ့ဆုံဖို့ ရှိနေပါတယ်။ သူတို့နှစ်ဦးတွေ့ဆုံတဲ့နေရာမှာ နှစ်နိုင်ငံကြား ကုန်သွယ်ရေးစစ်ပွဲတွေ ရပ်တန့်မှုကို သက်တမ်းတိုးဖို့သဘောတူထားပါတယ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ထရမ့်တို့ကတော့ ၂၀၂၅ ခုနှစ် ဩဂုတ်လမှာ တွေ့ဆုံခဲ့တာဖြစ်ပြီး ပူတင်နဲ့ရှီကျင့်ဖျင်တို့ကတော့ မဟာမိတ်များဖြစ်တဲ့အတိုင်း မကြာခဏဆိုသလို တွေ့ဆုံမှုတွေ လုပ်ဆောင်နေတာကိုလည်းတွေ့ရပါတယ်။

**Ref: AGC**



# နယူးဒေလီမြို့မှာ မီးခိုးမြူများပြည့်နှက်နေ

**နယူးဒေလီ၊ မီးခိုးမြူ**

အိန္ဒိယနိုင်ငံရဲ့မြို့တော်ဖြစ်တဲ့ နယူးဒေလီမြို့မှာ အဆိပ်သင့်မီးခိုးမြူများနဲ့ပြည့်နှက်နေတယ်လို့သိရပါတယ်။ နိုဝင်ဘာလ ၇ ရက် တိုင်းထွာချက်များအရ မီးခိုးမြူပမာဏဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘေးကင်းတယ်လို့ သတ်မှတ်ထားတဲ့ တစ်ရက်တာပမာဏထက်ကိုအဆ ၃၀ကျော် ပိုများနေတယ်လို့ ထုတ်ပြန်ချက်များအရ သိရပါတယ်။ $PM_{2.5}$ အမှုန်ပါဝင်မှုကလည်း ၁ ကုဗမီတာမှာ ၄၆၁ မိုက်ခရိုဂရမ်အထိ ရှိနေတာကြောင့် ကျန်းမာရေးအတွက် စိုးရိမ်စရာဖြစ်ပါတယ်။

နယူးဒေလီမြို့တော်ဆိုတာ လူဦးရေ သန်း ၃၀ ကျော်နေထိုင်တဲ့မြို့ဖြစ်တာနဲ့အညီ လေထုညစ်ညမ်းမှုကလည်း မြင့်မားလှပါတယ်။ ဒီလိုလေထုညစ်ညမ်းမှုတွေကို ကန့်သတ်ဖို့အတွက် တာဝန်ရှိသူများက မော်တော်ကားမောင်းနှင်မှုနဲ့ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတွေကို ကန့်သတ်လိုက်ပါတယ်။ ဒီလိုမျိုးကန့်သတ်ထားတဲ့ကြားကပဲ အခုလို အဆိပ်သင့် မီးခိုးမြူတွေက မြို့ကိုလွှမ်းခြုံနေတာပါ။ ဒါ့အပြင် ဟိန္ဒူမီးထွန်းပွဲတော်ကျင်းပမယ့် နိုဝင်ဘာလ ၈ ရက်မတိုင်မီနဲ့ နောက်ပိုင်းမှာ မီးခိုးမြူများနဲ့ ညစ်ညမ်းမှုက မြင့်တက်လာဖွယ်ရာရှိပါတယ်။

**Ref: ST**

# အရှေ့အလယ်ပိုင်းမှာ ရန်ပြုမှုတွေထပ်မဖြစ်စေဖို့က တရုတ်ရဲ့ ဦးစားပေးအစီအစဉ်ဖြစ်ဟုဆို

**ပေကျင်း၊ နိုင်ငံရေး**

အရှေ့အလယ်ပိုင်းဒေသမှာ ရန်ပြုတိုက်ခိုက်မှုတွေ ထပ်မဖြစ်လာစေဖို့ဆိုတာက တရုတ်ရဲ့ ဦးစားပေးအစီအစဉ်တစ်ခုဖြစ်တဲ့အတွက် ဒေသတွင်းနိုင်ငံများနဲ့သံတမန်ရေးအရ ဆက်ဆံရေးကိုကြိုးပမ်းဆောင်ရွက်သွားမယ်လို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဋ္ဌာနမှပြောရေးဆိုခွင့်ရှိသူ မော်နင်းက နိုဝင်ဘာလ ၄ ရက်မှာ ပြောပါတယ်။


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ပဋိပက္ခကို ပြေလည်အောင်မဖြေရှင်းနိုင်သေးတဲ့အပြင် အီရန်အပေါ် နောက်ထပ်စစ်ပွဲတစ်ပွဲဆင်နွှဲမယ်လို့ ခြိမ်းခြောက်လာပြီး မကြာခင်မှာပင် တရုတ်နိုင်ငံဘက်က အခုလိုမျိုးထုတ်ဖော်ပြောဆိုမှုတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးတိုးတက်ကောင်းမွန်လာအောင်လုပ်ဆောင်မှုတွေကိုဆောင်ရွက်လာတာဖြစ်ပါတယ်။

"တရုတ်နိုင်ငံအနေနဲ့ အရှေ့အလယ်ပိုင်းပဋိပက္ခများကိုဖြေရှင်းတဲ့နေရာမှာ ဆွေးနွေးညှိနှိုင်းမှုတွေကနေတစ်ဆင့် ဖြေရှင်းဖို့အတွက် အီရန်နဲ့အမေရိကန်ကိုကူညီပံ့ပိုးပေးသွားပါမယ်။ ယီမင်နိုင်ငံနဲ့ပတ်သက်လာရင်လည်း နိုင်ငံရေးအရဖြေရှင်းနိုင်ဖို့အတွက် နည်းလမ်းကိုကြိုးစားရှာဖွေသွားပါမယ်။ ဟော်မုဇရေလက်ကြားပြန်လည်ဖွင့်လှစ်ရေးအတွက်လည်း သင့်လျော်ပြီး ကျယ်ပြန့်တဲ့အဖြေတစ်ရပ်ရရှိစေဖို့ ကူညီသွားမှာဖြစ်ပါတယ်" လို့ မော်နင်းက ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ ပြောထားပါတယ်။

တရုတ်နိုင်ငံက အီရန်နိုင်ငံရဲ့ထိပ်တန်းစီးပွားရေးမိတ်ဖက်ဖြစ်ပါတယ်။ နိုဝင်ဘာလ ၂ ရက်မှာ အီရန်၊ အိုမန်နဲ့ ဆော်ဒီတာဝန်ရှိသူများနဲ့ ပေကျင်းမြို့မှာတွေ့ဆုံပြီး ဆွေးနွေးပွဲစကားဝိုင်းဆီ ပြန်သွားကြဖို့ကို တိုက်တွန်းခဲ့ပါသေးတယ်။

အလားတူ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်က အိုမန်ဘုရင်နဲ့တွေ့ဆုံစဉ် အခုဆိုရင် အရှေ့အလယ်ပိုင်းဒေသဟာ အင်အားကြီးနိုင်ငံများရဲ့ နယပန်းကွင်းဖြစ်လာနေပြီလို့ဆိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ နိုဝင်ဘာလနှောင်းပိုင်းမှာ အရှေ့အလယ်ပိုင်းကိုယ်စားလှယ်အဖွဲ့ကို အီရန်၊ အိုမန်နဲ့ ဆော်ဒီအာရေဗျတို့ဆီစေလွှတ်ပြီး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုတွေလုပ်သွားမယ်လို့သိရပါတယ်။ **Ref: ST**

# ကြားဖြတ်ရွေးကောက်ပွဲအပြီး အမေရိကန်နဲ့ဆက်ဆံရေးကို ပြန်လည်သုံးသပ်ဖို့ဖြစ်လာတဲ့ အာရှနိုင်ငံများ



အမေရိကန်နိုင်ငံမှာတော့ အစိုးရရဲ့ သက်တမ်း၀က်မှာကျင်းပတဲ့ ကြားဖြတ်ရွေးကောက်ပွဲက ပြီးသွားပါပြီ။ အဲဒီရွေးကောက်ပွဲမှာ လက်ရှိသမ္မတဒေါ်နယ်ထရမ့်တို့ရဲ့ပြိုင်ဘက်ဖြစ်တဲ့ ဒီမိုကရက်တစ်ပါတီက လွှတ်တော်မှာအမတ်နေရာအများစုကို ပြန်လည်ရရှိခဲ့ပါတယ်။ ဒီမိုကရက်တွေက အမတ်နေရာအများစုကို ပြန်လည်ရရှိလာတဲ့အတွက် ရီပတ်ဘလစ်ကန်ပါတီမှသမ္မတဖြစ်လာတဲ့ ဒေါ်နယ်ထရမ့်အတွက်တော့ ဩဇာအာဏာကျဆင်းလာနိုင်ခြေများလာပြီလို့ဆိုရမှာပါ။ ဒီအချိန်မှာပဲ အာရှဒေသမှာရှိတဲ့ နိုင်ငံကြီးတချို့က အမေရိကန်နဲ့ဆက်ဆံရေးကို ဘယ်လိုရှေ့ဆက်လျှောက်လှမ်းမယ်ဆိုတာနဲ့ပတ်သက်ပြီး ပြန်လည်ချိန်ဆမှုတွေလုပ်လာမယ့်အနေအထားရှိနေပါတယ်။

အခုလိုလွှတ်တော်မှာ ဒီမိုကရက်တွေ အနိုင်ရရှိသွားတာဟာ အမေရိကန်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရာမှာ ဖိအားတွေပိုမိုမြင့်တက်လာစေပြီး ဘဏ္ဍာရေးပိုင်းဆိုင်ရာမှာလည်း ဝန်ထုပ်ဝန်ပိုးတွေသာပိုမိုများပြားလာစေမယ်လို့ အမေရိကန်ရဲ့အာရှမဟာမိတ်နိုင်ငံတွေက ယုံကြည်နေကြပါတယ်။ တောင်ကိုရီးယားနိုင်ငံဆိုရင် အမေရိကန်နဲ့ဆက်ဆံရေးမှာ သူတို့ဘက်ကနေ တောင်းဆိုလာမှာတွေများလာလိမ့်မယ်လို့ လေ့လာသူတွေကသုံးသပ်ထားကြပါတယ်။ ဒီတော့ တောင်ကိုရီးယားအစိုးရအနေနဲ့ အမေရိကန်အစိုးရနဲ့ လွှတ်တော်တို့ကို သီးခြားစီဆက်ဆံမှုလုပ်ရမယ့်အပြင် ဒီလိုလုပ်ဆောင်ခြင်းအားဖြင့်လည်း သံတမန်ရေးရာမှာ စိန်ခေါ်မှုတွေပိုများလာလိမ့်မယ်လို့ တောင်ကိုရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ချွဲကျောင်ကွန်းကပြောပါတယ်။

ဒါနဲ့ပတ်သက်ပြီး ချွဲကျောင်ကွန်းက ဥပမာတစ်ခုကိုထောက်ပြပါတယ်။ အဲဒီဥပမာကတော့ လက်ရှိတောင်ကိုရီးယားနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရှူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော စီမံကိန်းပါပဲ။ အဲဒီစီမံကိန်းအတွက် လိုအပ်တဲ့လောင်စာတွေကို တောင်ကိုရီးယားက အမေရိကန်ဆီကနေ ရယူရမှာပါ။ ရီပတ်ဘလစ်ကန်တွေလွှတ်တော်မှာ အာဏာရှိစဉ်ကတော့ ဒီကိစ္စဟာ လွယ်ကူကောင်းလွယ်ကူမှာဖြစ်ပေမယ့် ဒီမိုကရက်တွေက အားကောင်းလာချိန်မှာတော့ ရှူကလီးယားလက်နက်မပြန့်ပွားရေးဆိုတဲ့စာအုပ်ကြီးအတိုင်းလိုက်နာပြီး အတားအဆီးတွေများစွာချမှတ်လာနိုင်တယ်လို့ ချွဲကျောင်ကွန်းကဆိုပါတယ်။

မြောက်ကိုရီးယားအရေးနဲ့ပတ်သက်လာရင်လည်း ဒီမိုကရက်တွေက ကင်ဂျုံအွန်နဲ့အမေရိကန်ကြား ဆက်ဆံရေးပြန်လည်ပြေလည်စေဖို့ သိပ်စိတ်ဝင်စားခြင်းမရှိပါဘူး။ ထရမ့်အနေနဲ့ သမ္မတတစ်ဦးအဖြစ်အာဏာရှိနေဆဲဖြစ်ပေမယ့် အမေရိကန်နဲ့မြောက်ကိုရီးယားကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်မြောက်လာဖို့ဆိုတာက တော့ မျှော်လင့်ချက်နည်းပါတယ်။ ဒါ့အပြင် အမေရိကန်နဲ့တောင်ကိုရီးယားနိုင်ငံကြား စီးပွားရေးနဲ့စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေမှာ ဖိအားတွေရှိလာနိုင်တယ်လို့လည်း တောင်ကိုရီးယားရဲ့ Financial News က ဖော်ပြထားပါတယ်။

ဘယ်လိုအရာတွေလဲဆိုရင် တောင်ကိုရီးယားက အမေရိကန်မှာ ရင်းနှီးမြှုပ်နှံဖို့ကတိပေးထားတဲ့ပမာဏရောက်အောင် ဒီမိုကရက်တွေက ဖိအားပေးနိုင်ပါတယ်။ တောင်ကိုရီးယားက အမေရိကန်ရဲ့မဟာဗျူဟာမြောက်ကဏ္ဍတွေမှာ ဒေါ်လာဘီလီယံ ၃၅၀ အထိရင်းနှီးမြှုပ်နှံသွားဖို့ကတိပြုထားတာပါ။ လုံခြုံရေးပိုင်းဆိုင်ရာမှာလည်း တောင်ကိုရီးယားရှိ အမေရိကန်ရဲ့စစ်အသုံးစရိတ်အတွက် ပိုမိုကျခံပေးဖို့ကိုတောင်းဆိုမှုတွေရှိလာနိုင်ပါတယ်။ သူတို့လိုလားတဲ့အတိုင်းမဟုတ်ရင် တောင်ကိုရီးယားမှာ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကိုလျှော့ချတာ၁ ဒါမှမဟုတ် သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံတာမျိုးတွေကို ပြန်လုပ်လာနိုင်တယ်လို့ လေ့လာသူများကဆိုပါတယ်။

အမေရိကန်နဲ့ဂျပန်နိုင်ငံတို့ကြားဆက်ဆံရေးနဲ့ပတ်သက်ရင်တော့ လွှတ်တော်မှာ ဒီမိုကရက်တွေအာဏာခိုင်မာလာတဲ့အတွက် ဂျပန်အနေနဲ့စိုးရိမ်ရမှာက လုံခြုံရေးဆိုင်ရာကိစ္စရပ်များဖြစ်ပါတယ်။ အခုပြီးစီးသွားတဲ့ ကြားဖြတ်ရွေးကောက်ပွဲရဲ့ရလဒ်က ဘယ်လိုပင်ဖြစ်နေပါစေ ဂျပန်နဲ့အမေရိကန်တို့ကြားဆက်ဆံရေးကိုအရေးကြီးကိစ္စရပ်တစ်ခုအနေနဲ့ ဆက်လက်ထားရှိသွားမယ်လို့ ဂျပန်အစိုးရအဖွဲ့အတွင်း၀န်ချုပ် ကီဟာရာမိုင်နို့ရူက သတင်းစာရှင်းလင်းပွဲမှာပြောထားပါတယ်။

နိုင်ငံခြားရေးမူ၀ါဒမှာ အုပ်ချုပ်သူအစိုးရအဖွဲ့တစ်ဖွဲ့အနေနဲ့ ပြည်တွင်းမှာအခက်အခဲတွေကြုံတွေ့ရလေလေ၊ ပြည်ပနေရာတွေမှာ အောင်မြင်မှုတွေရဖို့ ပိုမိုကြိုးပမ်းလေလေဖြစ်တယ်လို့ နိုမူရာသုတေသနဌာနမှ အမှုဆောင်စီးပွားရေးပညာရှင် ကီအူချီတာကာဟီဒဲက သူ့ရဲ့အမြင်ကိုပြောပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံအနေနဲ့လည်း အမေရိကန်နိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့၊ ကာကွယ်ရေးဆိုင်ရာကုန်ကျစရိတ်တွေကို ပိုမိုမျှ၀ေကျခံဖို့ အမေရိကန်ရဲ့တောင်းဆိုချက်တွေကို ရင်ဆိုင်ရနိုင်ခြေရှိပါတယ်။

စင်ကာပူနိုင်ငံကတော့ အမေရိကန်ရဲ့မဟာမိတ်မဟုတ်ပေမယ့်လည်း ကုန်သွယ်ရေးပိုင်းမှာတော့ အခက်အခဲတွေရှိလာနိုင်ပါတယ်။ အထူးသဖြင့် သွင်းကုန်အခွန်နဲ့ပတ်သက်တဲ့ကိစ္စပါ။ အမေရိကန်လွှတ်တော်မှာ ဒီမိုကရက်တွေအနိုင်ရသွားတဲ့အတွက် စင်ကာပူအနေနဲ့ သွင်းကုန်အခွန်တိုးမြှင့်ပေးဆောင်ရမယ့်အခြေအနေတော့ မရှိသေးပေမယ့် တရားရေးနဲ့မူ၀ါဒပိုင်းဆိုင်ရာမှာတော့ မသေချာမရေရာမှုတွေရှိလာနိုင်ပါတယ်။

အနှစ်ချုပ်အားဖြင့် ဆိုရမည်ဆိုလျှင် လွှတ်တော်မှာ ဒီမိုကရက်များအနိုင်ရရှိခြင်းက အာရှနိုင်ငံများအနေနဲ့ အမေရိကန်နိုင်ငံရေးကို ပြန်လည်တွက်ချက်ရမယ့် အချက်ပြသတိပေးချက်တစ်ခုဖြစ်လာပါတယ်။ ထရမ့်အစိုးရရဲ့ လုပ်ပိုင်ခွင့်အပေါ် လွှတ်တော်က ပိုမိုထိန်းညှိလာနိုင်တာဖြစ်တဲ့အတွက် အာရှနိုင်ငံများကအမေရိကန်နဲ့ဆက်ဆံရာမှာ အိမ်ဖြူတော်တစ်ခုတည်းကိုသာအားကိုးလို့မရတော့ဘဲ လွှတ်တော်သဘောထားနဲ့ ပြည်တွင်းနိုင်ငံရေးအင်အားစုများရဲ့ အမြင်များကိုပါ ထည့်သွင်းစဉ်းစားရမယ့်အခြေအနေရောက်လာနိုင်ပါတယ်။ အဓိကပြောင်းလဲမှုကတော့ အမေရိကန်နဲ့အာရှနိုင်ငံများကြား မဟာမိတ်ဆက်ဆံရေးပျက်ပြားသွားခြင်းထက် ထိုဆက်ဆံရေးကို ထိန်းသိမ်းရန်နဲ့ အကျိုးစီးပွားများကို ညှိနှိုင်းရန် ပိုမိုရှုပ်ထွေးလာနိုင်ခြင်းပင်ဖြစ်ပါတယ်။

**Ref: SCMP**

# မြောက်ကိုရီးယားက ဂျပန်ပင်လယ်ထဲ ဒုံးကျည်များပစ်လွှတ်



**ဆိုး၊ စစ်ရေး**

မြောက်ကိုရီးယားနိုင်ငံက နိုဝင်ဘာလ၄ရက်မှာ အရှေ့ဘက်ကမ်းရိုးတန်းကနေ ဂျပန်ပင်လယ်ပြင်ထဲကို ဒုံးကျည်အများအပြား ပစ်လွှတ်လိုက်တယ်လို့ တောင်ကိုရီးယားတပ်မတော်ကပြောပါတယ်။ အခုလိုမျိုး မြောက်ကိုရီးယားဘက်က ဒုံးကျည်တွေပစ်လွှတ်တာနဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေသိရှိရဖို့ တောင်ကိုရီးယားက အမေရိကန်နဲ့ပူးပေါင်းလုပ်ဆောင်နေတယ်လို့လည်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များရုံးက ထုတ်ပြန်ထားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံက ပဒေသာဗုံးထိပ်ဖူးတွေကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့တယ်ဆိုတဲ့ထုတ်ပြန်ချက်အပြီး ဗျူဟာမြောက်အနိမ့်ပျံဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ပါသေးတယ်။ နောက်တစ်ရက်မှာတော့ အခုလိုမျိုး ဒုံးကျည်အများအပြားကို ဂျပန်ပင်လယ်ထဲပစ်လွှတ်လိုက်တာပါ။

ဒါ့အပြင် မြောက်ကိုရီးယားနိုင်ငံဟာတိုက်ခိုက်ရေးဒရုန်းများ၊ လက်နက်အသစ်ဖြစ်တဲ့ တိကျလမ်းညွှန်တော်ဝိဒိုစနစ်နဲ့တာလတ်ပစ်အသံနှုန်းလွန် ဒုံးကျည်တို့ကိုလည်းစမ်းသပ်ထားပါသေးတယ်။ မြောက်ကိုရီးယားနိုင်ငံက အမေရိကန်၊တောင်ကိုရီးယားတို့နဲ့ဆက်ဆံရေးတင်းမာနေချိန်မှာ အခုလိုမျိုး စမ်းသပ်မှုတွေလုပ်ဆောင်ထားတာဖြစ်ပါတယ်။

**Ref: AGC**


**ပျောက်ဆုံးကြောင်း**

ဝင်ဝါဖြိုး(ဘ)ဦးအောင်သန်း ၁၀/ခဆန(နိုင်) ၁၄၂၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 962644)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၃၄၈၂၇

**ပျောက်ဆုံးကြောင်း**

ယဉ်ယဉ်(ဘ)ဦးလီချောက်ဖူး ၁/မညန(နိုင်) ၁၀၅၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 633989)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၅၁၁၀၆

**ပျောက်ဆုံးကြောင်း**

ငြိမ်းဆွေ(ဘ)ဦးသခင်ချစ် ၁၂/လမတ(နိုင်) ၀၁၄၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 112501)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

**ပျောက်ဆုံးကြောင်း**

အောင်မိုး(ဘ)ဦးမုံဇအောင် ၁၁/ပတန(နိုင်) ၁၂၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 854594)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

**ပျောက်ဆုံးကြောင်း**

ဇော်မျိုးဦး(ဘ)ဦးကောင်းရွှေ ၅/ယမပ(နိုင်) ၀၉၆၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 188486)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၂၂၇

**ပျောက်ဆုံးကြောင်း**

ကျော်မြတ်သူ(ဘ)ဦးအောင်သန်း ၈/တတက(နိုင်)၀၉၉၆၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၃၆၈၈၄၀၂

**ပျောက်ဆုံးကြောင်း**

ချစ်ချစ်ပုံ(ဘ)ဦးဝါးဘို ၅/ကလထ(နိုင်) ၃၅၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၂၈၇၆၄

**ပျောက်ဆုံးကြောင်း**

မေမေဦး(ဘ)ဦးဆန်းထွေး ၅/ကလထ(နိုင်) ၃၃၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၉၃၀၀၉၆

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်ဦး(ဘ)စိုင်းထွန်းစိန် ၁၃/နစန(နိုင်) ၀၈၇၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**

ခင်ဝင်းစိန်(ဘ)ဦးအောင်မြ ၁၃/မမတ(နိုင်) ၀၄၈၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**

မောင်ကလုံး(ဘ)ဦးညွန့်သောင်း ၉/သစန(နိုင်)၁၄၀၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၂၂၇

**ပျောက်ဆုံးကြောင်း**

ရဲနိုင်စိုး(ဘ)ဦးဘန်စိုး ၁၀/မလမ(နိုင်) ၂၃၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၁၆၉၀၉၉



## ကျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပုသိမ် နိုဝင်ဘာ ၄

ဧရာဝတီတိုင်း ဒေသကြီးရှိ ကျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း ၉၅ မိုင်အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင် ၅၆ မိုင်မှ ၅၆ မိုင် ၁ ဖာလုံကြားရှိအမှတ် (၁/၅၇) တင်းချောင်းတံတား (ပုသိမ်ဘက်ခြမ်း)အား တောင်ကျရောတိုက်စားမှုကြောင့် မြေသားပြိုကျပျက်စီးမှုအား မြေထိန်းနံရံတည်ဆောက်ခြင်း၊ ချောင်းကျောက်ရောမြေဖြည့်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ အနေကဇောတင်ဆောင်၌ ကျင်းပသည့် မြတ်မော်တင်စေတီတော် ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

အစည်းအဝေးတွင်တက်ရောက်လာကြသူများက မြတ်မော်တင်စေတီတော် အဝင်လမ်းအတွင်း ပန်းအလှပင်များစိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ စေတီတော်ပရိဝုဏ်အတွင်း လေကာပင်များ စိုက်ပျိုးထားရှိမှု၊ ဘုရားပွဲတော် ကာလအတွင်း ဘုရားဖူးပြည်သူများ သုံးရေလုံလောက်စွာ အသုံးပြုနိုင်ရေး အတွက် ရေလှောင်ကန်များဖြင့် ရေသိုလှောင် ဆောင်ရွက်ထားရှိမှု၊ စေတီတော်ကုန်းမြေအောက်ခြေပင်လယ်ရေလှိုင်းတိုက်စားမှုမှ ကာကွယ်ရန် ကမ်းထိန်းနံရံဆောင်ရွက်ထားရှိမှုဆိုင်ရာကိစ္စရပ်များ တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဒေသဆိုင်ရာကာကွယ်ဆေးနှင့် ပိုလီယိုကင်းစင်ပပျောက်ရေး စောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ အရာရှိများ၏လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနက အဓိကထားဆောင်ရွက်လျက်ရှိသော ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ လွှမ်းခြုံမှုမြင့်မားစေရေးနှင့် ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ကူးစက်ရောဂါများစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဖြစ်ပွားမှုအား တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပိုမိုထိရောက်စွာ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်သွားနိုင်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့်တာဝန်ပေး ခန့်အပ်ထားရှိသော ဒေသဆိုင်ရာကာကွယ်ဆေးနှင့် ပိုလီယိုကင်းစင်ပပျောက်ရေး စောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ အရာရှိ (Regional Immunization and Surveillance Officers) များ၏ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာထွန်းမင်း၊ National Certification Committee for Polio Eradication နှင့် National Immunization Technical Advisory Group ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယတိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံရုံးခွဲမှ ကိုယ်စားလှယ်များ၊ National Immunization and Surveillance Coordinator (NISC) နှင့် Regional Immunization and Surveillance Officers (RISO)များ တက်ရောက်ကြသည်။

လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ၂ ရက်တာကျင်းပမည်ဖြစ်ရာ ပုံမှန်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားရေး၊ ပိုလီယိုအကြောသေရောဂါ အမြစ်ပြတ်ပပျောက်ရေး၊ ဝက်သက်နှင့် ကျိုက်သိုးရောဂါ လျော့နည်းပပျောက်ရေး၊ မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်မှုအခြေအနေဆက်လက်ထိန်းသိမ်းနိုင်ရေးအပါအဝင် ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ကူးစက်ရောဂါများစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ၊ ကပ်အသွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပွားမှုများအား အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် Regional Immunization and Surveillance Officers များမှ မိမိတို့တာဝန်ကျရာဒေသများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ အောင်မြင်မှုများ၊ ကွင်းဆင်းကြီးကြပ်ရာ၌ တွေ့ရှိရသော အားသာချက်များ၊ အားနည်းချက်၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် သင်ခန်းစာများကို ရှင်းလင်းတင်ပြကြပြီး တက် ရောက် လာကြသူများက လုပ်ငန်းစဉ်များရှေ့ဆက်ဆောင်ရွက်ရာတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ ညွှန်းကိန်းများပြည့်မီစေရေးနှင့်ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုအကျိုးရှိ ထိရောက်စေရေးတို့အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

**၄-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ဒုတိယအကြိမ် ဒေသတွင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ ဦးဆောင်ကျင်းပသော အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ဒုတိယအကြိမ် ဒေသတွင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Virtual စနစ်ဖြင့်ပြုလုပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Sanjeev Kumar Kafley တို့သည် အသင်းဌာနချုပ် ရန်ကုန်ရုံးခွဲတွင် Online ဖြင့်တက်ရောက်ခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ နောက်ဆုံးရခန့်မှန်းချက်များ၊ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ဒေသတွင်းနိုင်ငံများအပေါ် သက်ရောက်လာနိုင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးဆက်များနှင့်စပ်လျဉ်း၍ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများအကြား







သတင်းအချက်အလက်များနှင့် အမြင်သဘောထားများဖလှယ်နိုင်ရန်ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိအပူပိုင်းဒေသဖြစ်သော Dry Zone များကို အဓိကဦးစားပေးပြီး ရေတွင်းတူးဖော်ရေးနှင့် ရေအရင်းအမြစ်များရရှိနိုင်ရေး၊ ရေဖြန့်ဝေပေးနိုင်ရေးအတွက် အကူအညီပေးရန်ပြင်ဆင်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အရိပ်ရအနားယူနေရာများ ဆောက်လုပ်ပေးရန် စီစဉ်ထားရှိပါကြောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးရာသီဥတုဖြစ်စဉ်များကို ဒေသအလိုက် ကြိုတင်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း မုန်တိုင်းဖြစ်နိုင်ခြေရှိရာ ကြိုတင်ခန့်မှန်းပြင်ဆင်နိုင်ရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပရဟိတလူမှုအဖွဲ့အစည်းများဖြင့်လည်း ချိတ်ဆက်ပူးပေါင်းကာ ကာလတို၊ ကာလလတ်နှင့် ကာလရှည်ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသင်းဥက္ကဋ္ဌက ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင်အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းရုံး၏ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander Matheou ၊ အာရှပစိဖိတ်ဒေသအတွင်းရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများမှ ကိုယ်စားလှယ်များတက်ရောက်ပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့်ရှေ့ဆက်ကြုံတွေ့လာနိုင်သည့်စိန်ခေါ်မှုများအပေါ် ဒေသတွင်းသက်ဆိုင်သူများအကြား ဘုံနားလည်မှုတစ်ရပ်ရရှိစေရန်၊ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းများ၊ နိုင်ငံအလိုက်ဆောင်ရွက်နေသည့်လုပ်ငန်းအတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများနှင့် အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့်သက်ရောက်မှုများကို ဖြေရှင်းရာတွင် အပြန်အလှန်ပံ့ပိုးကူညီနိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

### အယ်လ်နီညို၏ အကျိုး သက်ရောက်မှုများ



**✦ ကျေးဇူးမှအဆက်**

အပြီးတိုင်လုံးဝပပျောက်သွားစေရေးဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများအများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ဖြုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁လုံးအား ယနေ့အထိ ၉၀ရာခိုင်နှုန်း ဖြုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ဖြုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြုချဖျက်ဆီးမည့် အဆောက်အအုံ ၁၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် (၆) ထပ် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။
















ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံမှမူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး အောင်ဇော်မင်းခန့်အား လွှဲပြောင်းပေးအပ်စဉ်။




တရားခံ ပြည့်ဖြိုးအောင်(ခ)အိုးစည်၊ အားဖျင်(ခ)ကျော်မြင့်လွင်၊ သန်းစိုးအောင်(ခ)ကိုစိုင်း၊ ညီညီဦး၊ မြတ်မင်းခန့်(ခ)ငမောင်၊ ကျော်နိုင်ဦး(ခ)ဦးကျော်(နောက်ဝဲမှယာ)၊ အောင်နိုင်မြင့်(ခ) ပြိုးချို၊ မျိုးထွန်း(ခ)သန်းတင်အောင်၊ အောင်ဆန်းဦး(ခ)ကိုအောင်၊ သန်းထွေး(ခ)ကိုထွေး၊ နိုင်ဦး(ခ)ကိုဦး၊ အားဟွာ(ခ)ရန်ကျွမ်းကျဲ(ခ) သန်းကျော်၊ စိုင်းဝမ်းလှိုင်း(ခ)အားရန်နှင့် အားဝူး(ခ)လောက်ဝူး (ရှေ့ဝဲမှယာ)တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၆ သိန်းနှင့်အတူတွေ့ရစဉ်။



တရားခံ နိုင်ဦး(ခ)ကိုဦးနှင့် သန်းထွေး(ခ)ကိုထွေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို၊ ဘိန်းဖြူ ၀.၇ ကီလို တို့နှင့်အတူတွေ့ရစဉ်။




တရားခံ ဉာဏ်အောင်လင်းထွန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူ ၇ ဒသမ ၇၇၆ ကီလိုနှင့်အတူတွေ့ရစဉ်။

**⇨ မူးယစ်ပြစ်မှုမှ**

မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅၆ သိန်းအား ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံ ၆ ဦးနှင့် အတူ စိတ်ကြွဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့အား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၉ ဒသမ ၄၉၅၃၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများအားဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ အဓိကစီမံခန့်ခွဲသူမှာ အောင်ဇော်မင်းခန့် ၄၂ နှစ်၊ ကံကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် ၂၇-၁၁-၂၀၂၅ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ထွက်ခွာသွားကြောင်း သိရှိရ၍ ၃-၂-၂၀၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)သို့ သတင်းဖလှယ်ပေးပို့ခဲ့ပါသည်။

ထိုသို့သတင်းဖလှယ်ချက်အရ ၄-၁၀-၂၀၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)နှင့် လူဝင်မှုကြီးကြပ်ရေးဗျူရိုတို့ ပူးပေါင်းအဖွဲ့မှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး အောင်ဇော်မင်းခန့်အား ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဟွိုင်ခွမ်ခရိုင်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ၃-၁၁-၂၀၂၆ ရက်နေ့ ည ၆ နာရီခွဲအချိန်တွင် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)မှတာဝန်ခံ ဌာနမှူး Mr. Kanison Papernon ဦးဆောင်သည့်အဖွဲ့မှ ထိုင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်လင်းဦးဆောင်သည့်အဖွဲ့ထံသို့ ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိ အပြည်ပြည် ဆိုင်ရာလေဆိပ်၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအတွင်းမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ချမှတ်ပြီး ဦးစားပေးလုပ်ငန်းအဖြစ်ဆောင်ရွက်လျက်ရှိရာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခြင်း၊ နောက်ကွယ်မှ ကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ဆက်စပ်တရားခံပြေးများအား အိမ်နီးချင်းနိုင်ငံများ၊ MOU အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့်ထိုင်းနိုင်ငံမှမူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး ၁၂ဦး၊ အင်ဒိုနီးရှားနိုင်ငံမှမူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး ၁ ဦးတို့ကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ယခုကဲ့သို့ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နိုင်ငံဖြတ်ကျော်မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန်ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေသည့်အပြင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
# ကြေညာချက်အမှတ်၊ ၇/၂၀၂၆
# ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
# (၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

အကြောင်းအရာ။ **ကြော်ငြာစာအမှတ်(၄/၂၀၂၆)တွင် အောက်ဖော်ပြပါ ဝန်ကြီးဌာန(၂)ခုတို့အား နောက်ဆက်တွဲဖြင့် ထပ်မံဖြည့်သွင်းကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၃၁-၁၀-၂၀၂၆ ရက်စွဲပါကြော်ငြာစာအမှတ်(၄/၂၀၂၆)ဖြင့်ခေါ်ယူခဲ့သော ဝန်ကြီးဌာန နှင့် အဖွဲ့အစည်း(၂၄)ခုမှ လစ်လပ်ရာထူး(၇၀၄)နေရာအတွက် ၁-၁၁-၂၀၂၆ ရက်နေ့နှင့် ၂-၁၁-၂၀၂၆ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူခဲ့ပြီး လျှောက်လွှာပိတ်ရက်ကို ၃၀-၁၁-၂၀၂၆ ရက်နေ့အဖြစ် သတ်မှတ်ထားပါသည်။

၂။ ထပ်မံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့က **နောက်ဆက်တွဲအနေဖြင့် အောက်ဖော်ပြပါဝန်ကြီးဌာန(၂)ခုတို့အား ကြော်ငြာစာအမှတ်(၄/၂၀၂၆)၏ စာပိုဒ်(၁)၌ တစ်ဆက်တည်း ထပ်မံဖြည့်သွင်းကြေညာအပ်ပါသည်-**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (မ) | **ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန** | | |
| (၁) | ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန(ဟိုတယ်နှင့်ခရီးသွားလာရေး) ပြည်ထောင်စုဝန်ကြီးရုံး | ဦးစီးအရာရှိ | ၄ နေရာ |
| (၂) | ဟိုတယ်နှင့်ခရီးသွားဥာဏ်ကြားမှုဦးစီးဌာန | ဦးစီးအရာရှိ | ၇ နေရာ |
| (ယ) | **အလုပ်သမားဝန်ကြီးဌာန** | | |
| | အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန | ဦးစီးအရာရှိ(အလုပ်ရုံ) | ၄ နေရာ |

၃။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့်အသေးစိတ် အချက်အလက်များကို အချိန်မီသိရှိလိုပါက **Myanmar National Web Portal–www.myanmar.gov.mm** တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏တယ်လီဖုန်းအမှတ်၊ (၀၆၇-၃၄၀၉၀၅၂/၀၆၇-၃၄၀၉၀၃၀/၀၆၇-၃၄၀၉၀၂၇/၀၆၇-၃၄၀၉၀၂၆) နှင့် ၀၉-၂၆၂၅၂၉၈၈) တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## "ONE & ONE MYANMAR COMPANY LIMITED"
### နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁(က)အရ ဖျက်သိမ်းဆဲ "ONE & ONE MYANMAR COMPANY LIMITED"၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ မဖျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်
ကျင်းပမည့်အချိန် - နံနက်(၁၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်-(ပ-၁၈၅)၊သပြေကုန်းပွဲရုံတန်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသိရိမြို့နယ်၊ နေပြည်တော်တိုင်းဒေသကြီး။

**ဦးရှင်ငြိမ်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**Insolvency Practitioner No.103594**
**အမှတ်(၅၀)၊ ၅ဖလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**

**ပြောက်ဆုံးကြောင်း**
ဝေလင်း(ဘ)ဦးဝင်းဇော်ဦး ၁၂/ရကန(နိုင်) ၀၈၆၈၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 914167)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၁၅၅၆**

**ပြောက်ဆုံးကြောင်း**
ပြည့်ဖြိုးပိုင်(ဘ)ဦးနိုင်လင်းအောင် ၁၄/ဟသတ(နိုင်)၂၆၆၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၃၉၄၉၉**

**ပျောက်ဆုံးကြောင်း**
ဘားအံမြို့၊ ကော့ရင်းအောက်နေ စောတမွိဟဲ(ဘ)စောမောင်တုတ်(ခ) မောင်တို့ ၃/ဘအန(နိုင်)၃၅၁၄၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 414660)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆**

**အစုရှယ်ယာလျှော့ချခြင်း**
ကျွန်တော်တို့၏ STRUCTURAL STEEL SUPPLIERS GROUP CO.,LTD. ၏ အစုရှယ်ယာတန်ဖိုးအား ကျပ်(450,000,000)မှ ကျပ်(100, 000, 000)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့နယ်နေ ဇော်ထက်အောင်(ဘ)ဦးရဲထွန်း ၇/ညလပ(နိုင်) ၁၉၂၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 786393)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇**

**ပျောက်ဆုံးကြောင်း**
ရွှေကျင်မြို့နယ်၊ ကျွန်းကြီးရွာနေ နော်အိုဘဝိဖေါ(ဘ)ဦးအောင်ဖြူ ၇/ရကန(နိုင်)၀၈၆၉၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 700976)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၅၀၀၂၉၈**

**ပျောက်ဆုံးကြောင်း**
နော်ရွှေသီတာထွေး(ဘ)ဦးအိုင်ရွှေ၃/လဿန(နိုင်)၀၀၄၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၄၃၄၁၈**

**ပျောက်ဆုံးကြောင်း**
စုမြတ်နွယ်(ဘ)ဦးမောင်ခင်ထွန်း ၁၁/မဟတ(နိုင်)၁၁၃၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၅၅၈၆၃**

**ပျောက်ဆုံးကြောင်း**
လာလ်ရွယ်ကိလ်(ဘ)ဦးရိထောမ်းလိန် ၅/ကလထ(နိုင်)၃၅၇၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ခင်ဇာချို(ဘ)ဦးမောင်တင်ထွေး ၁၁/မဟတ(နိုင်)၀၈၁၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၅၁၁၁၇၇**

**ပျောက်ဆုံးကြောင်း**
ဇွန်မေလိုင်ဦး(ဘ)ဦးဇော်ဝင်း ၉/တကန(နိုင်) ၂၀၅၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၂၅၂၅၁၉**

**ပျောက်ဆုံးကြောင်း**
သရဏ်ချောင်းမြို့နယ်နေ မခင်စန်းအေး(ဘ)ဦးလှကျော် ၆/သရဉ(နိုင်) ၀၃၈၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆**

**ပျောက်ဆုံးကြောင်း**
လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းစုကျေးရွာနေ စောဘဦး(ဘ)ဦးကံနု ၃/လဘန(နိုင်) ၁၁၈၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 521675)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆**

**ပြောက်ဆုံး ကြောင်း**
သဲသဇင်အောင်(ဘ)ဦးဝင်းဇော် ၁၂/မဘန(နိုင်)၂၀၉၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 185699)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၇၅၉၀၃၅၅**

**ပျောက်ဆုံးကြောင်း**
စိုင်းရှန်(ဘ)ဦးကောဝိတ ၁၃/ကတန(နိုင်) ၁၂၂၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၁၀၆၃၉**

**ပျောက်ဆုံးကြောင်း**
မစိမ်းမိုမို(ဘ)ဦးခင်မောင်စန်း ၈/ပဖန(နိုင်) ၁၃၁၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 445302)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

**ပျောက်ဆုံးကြောင်း**
ဖြူဖြူဝင်း(ဘ)ဦးခေါင်ကျာချင် ၁၃/ကခန(နိုင်) ၁၀၁၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 099850)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

**ပျောက်ဆုံးကြောင်း**
သန္တာလွင်(ဘ)ဦးသိန်းထွဏ်း ၁၂/လမန(နိုင်) ၁၃၆၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၆၆၉၃၀၄**

**ပျောက်ဆုံးကြောင်း**
အောင်လှိုင်ဦး(ဘ)ဦးဝင်းလှိုင် ၁၃/သနန(နိုင်)၀၆၀၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၂၄၆၉၃၀၁**

**ပျောက်ဆုံးကြောင်း**
မောင်သားညီ(ဘ)ဦးခင်လှိုင် ၁၄/ဘကလ(နိုင်)၄၀၈၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၂၀၀၉၂၄၂**

**ပျောက်ဆုံးကြောင်း**
ဇင်မျိုးဝေ(ဘ)ဦးသိန်း ၇/မညန(နိုင်) ၀၉၉၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ကျော်လင်းဦး(ဘ)ဦးဇော်ဝင်း ၁၂/လမန(နိုင်) ၁၃၉၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၉၆၉၂၃၇၀**

**ပျောက်ဆုံးကြောင်း**
နန္ဒာဝင်း(ဘ)ဦးကျော်ဌေး ၉/လဝန(နိုင်) ၂၈၄၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 626013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၄၄၂၃၆၆**

**ပျောက်ဆုံးကြောင်း**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ရာဇဂြိုလ်ရပ်ကွက်နေ မဖြူဖြူသန့်(ဘ)ဦးဝင်းငွေ ၅/ကလထ(နိုင်) ၂၇၂၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၄၄၄၄၉၀**

**ပျောက်ဆုံးကြောင်း**
ထန်းတပင်မြို့နေ နုနုလွင်(ဘ)ဦးသန်းလွင် ၇/ထတပ(နိုင်)၁၃၂၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 159152)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၁၇၇**

**ပျောက်ဆုံးကြောင်း**
ငဖမြို့နေ သိန်းသိန်း(ဘ)ဦးချစ်မောင် ၈/ငဖန(နိုင်)၀၄၄၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 147070)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၁၇၇**

**ပျောက်ဆုံးကြောင်း**
ချောစုနွင်း(ဘ)ဦးမင်းသိန်း ၁၂/ဒဂတ(နိုင်) ၀၉၁၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၉၇၅၈၉၉**

**ပျောက်ဆုံးကြောင်း**
ပြည့်စုံထွန်း(ဘ)ဦးထွန်းကျော် ၉/မခန(နိုင်) ၃၃၂၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၂၆၀၆၀၅၄**

**ပျောက်ဆုံးကြောင်း**
လှိုင်းဘွဲ့မြို့၊ အမှတ်(၃)နေ ညွှန့်ဝင်း(ဘ)ဦးဖကေ ၃/လဘန(နိုင်)၂၂၄၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 855575)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၅၀၀၂၉၈**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဒကို့ဏာသိရိမြို့နယ်၊ အ.ထ.က(၁၉)ကျောင်း Grade-11 မှမောင်သင်းကိုဦး၏ဖခင်အမည်မှန်မှာ ဦးကျော်နှင်း ၉/ပမန(နိုင်)၀၇၉၉၀၀ ဖြစ်ပါကြောင်း။
**ဦးကျော်နှင်း**

# ဝမ်းနည်းကြေကွဲခြင်း
# ကာတွန်းအိမောင်
# အသက်(၇၁)နှစ်

ကာတွန်းအိမောင်(၇၁)နှစ်သည် ၄-၁၁-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)တွင်(၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကာတွန်းအောင်ကျော်**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
### ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သောဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အားရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၅-၁၁-၂၀၂၆/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၁၉-၁၁-၂၀၂၆/နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၁၄၄၁၆၀၅၅**

## DOART(MYANMAR) COMPANY LIMITED
## (In Liquidation)
### Notice Of Final General Meeting

Invitation the Final General Meeting regarding the members' voluntary winding up of DOART (MYANMAR) COMPANY LIMITED.

The final general meeting of DOART(MYANMAR) COMPANY LIMITED which is in the course of winding up in held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders. The meeting it held as follow:

Date : 7- December – 2026
Time : 10:00
Venue : ZONE A–03–03, YANKIN ROAD, GOLDEN CITY BUSINESS CENTER, YANKIN TOWNSHIP, YANGON REGION.

**U Kyaw Min Tun (Advocate)**
**Insolvency Practitioner Registration No.–113270**
**MAIP Member No.–00260**
**Liquidator (PAI Consultant Service)**
**Liquidator Office: No. 6/8, Room 104, Upper Pazuntaung Road, Pazuntaung Township, Yangon, Myanmar.**
**Phone: 09422217514, 09774788846**

## Company Registration No.115992945
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ
## ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ GENUINE BOD COMPANY LIMITED အား ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် (၃၀-၁၀-၂၀၂၆)ရက်နေ့၌ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးခန်းတွင်ကျင်းပပြုလုပ်သော အထူးအထွေထွေအရပ်ရပ်အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင် B.A.C.P.A.L.C.M.A(Part II London)အမှတ်-၃၊ ၁၀၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအားပေးရန်ရှိသူမြီစားများသည် ဤကြော်ငြာချက်ပါရှိသည့်နေ့မှ တစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်၍ ခွင်မာတိကျသောအထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

**KYAWT MG**
**B.A.,C.P.A.,R.A.,LCM.A.,**
**Part II (LONDON)**
**Certified Public Accountant & Auditor**

## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)




အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

မန္တလေး - **STARMART Mandalay Wholesale** ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၆

နေပြည်တော် - **STARMART Nay Pi Taw** ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၄

NAY PYI TAW



"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"




နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဇွန်ရိပ်မြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




## အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုကို ဖြင့်

ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယိုကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၁၉-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့်အလိုရှိတရားခံပြေး ၁ ဦးအား ထိုင်းနိုင်ငံမှ ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်



ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံမှမူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး အောင်ဇော်မင်းခန့်အား လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတွင် မူးယစ်ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ၁ ဦးအား ထိုင်းနိုင်ငံမှ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ဘန်ကောက်မြို့ရှိသုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ၁-၁-၂၀၂၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် တရားခံ ၂ ဦး

စာမျက်နှာ ၂၈ ကော်လံ ၁ ⇨

# ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်




နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့်အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ

စာမျက်နှာ ၂၈ ကော်လံ ၁ ✦

**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာနေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာနေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

# ဘားအံစက်မှုဇုန်၌ တစ်နှစ်လျှင်တန်ချိန် ၁၂၀၀ ခန့်ထုတ်လုပ်မည့် ဂေါဒန်ကျောက်မှုန့်မြေဩဇာစက်ရုံ ဖွင့်လှစ်

ဘားအံ နိုဝင်ဘာ ၄

ဘားအံစက်မှုဇုန် ဇုန်အမှတ်(၂)၌တစ်နှစ်လျှင် စက်စွမ်းအားတန်ချိန် ၁၂၀၀ ခန့် ထုတ်လုပ်နိုင်မည့်စိန်သုံးလုံး ဂေါဒန်ကျောက်မှုန့်မြေဩဇာစက်ရုံကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

အဆိုပါစက်ရုံကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊

စာမျက်နှာ ၁၅ ကော်လံ ၁ ▼

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၄

ဘိလိယက်နှင့်စနူကာ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့်

စာမျက်နှာ ၂၀ ကော်လံ ၅ ❐

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၄

အလေးမအားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ

စာမျက်နှာ ၂၀ ကော်လံ ၁ ▲

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A)ဒုတိယပွဲစဉ်တွင် ကိုဘေး(ဂျပန်)အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို အနိုင်ယူ



ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာကလပ် ဧရာဝတီယူနိုက်တက်အသင်းနှင့် ကိုဘေး(ဂျပန်) အသင်းတို့ပွဲစဉ်ကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ပြုလုပ်ရာ ကိုဘေး(ဂျပန်)အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ■

## နိုင်ငံတကာသတင်းအညွှန်း

စာ - ၂၅ သို့

ထိုင်းဝန်ကြီးချုပ်က ပြန်လည်ဆန်းသစ်သော ထိုင်းနိုင်ငံအစီအစဉ်ကို ထုတ်ပြန်

အင်ဒိုနီးရှားမှာ သမ္မတဖုန်းလိုင်းကို ကြားဖြတ်နားထောင်မှုဖြစ်ပွားစေသည့်အင်အား ၂၀၀၀၀ ကျော်ကို မြို့တော်မှာ ဖြန့်ကြက်ထား

နယူးဒေလီမြို့မှာ မီးခိုးမြူများ ပြည့်နှက်နေ